www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

## Deal or No Deal


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅ .၈၃

မိုးစက်ဝိုင်
Deal or No Deal/မိုးစက်ဝိုင်။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၆။
၁၄၁ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) Deal or No Deal


www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

=========

ဒီစာအုပ်နဲ့ ပတ်သက်ပြီး အမှတ်တရ ပြောရမယ်ဆိုရင်တော့ "သိုးဆောင်း" လို့ နာမည်တပ်ပါရစေ•••။

(Thank Bro Thoe Saung)

မိုးစက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိပ်ရာမှနိုးနိုးချင်း ပြတင်းပေါက် ထဖွင့်ကြည့်လိုက်တော့ မိုးနံ့သင်းသောလေအချို့က မျက်နှာကိုလာရိုက်ခတ်သည်။ မနက်စောစောပိုင်းက နှင်းရွာထားလို့လားမသိ။ သစ်ပင်၏ကိုင်းဖျား၊ ကိုင်းနားတွေထက်တွင် မိုးရေစက်တို့ ခိုသီးနေကြသေး၏။ နေရောင်ခြည်ရိုက်ထိုးကျလာလျှင် ထိုမိုးရေစက်တွေက စိန်ပွင့်တွေအလား တဖျပ်ဖျပ် လင်းလက်လာဦးမည်။

ပြတင်းတံခါးမှတစ်ဆင့် အိမ်အပြင်ဘက်ရှိ စိမ်းစိုသောရှုခင်းတွေကို သစ်နေ ကြည့်နေမိသည်။ ဆယ်နှစ်အရွယ်ကလေးတစ်ယောက်အဖို့ သဘာဝတရားကို ခံစားတတ်လွန်း၍တော့မဟုတ်။ အိပ်ရာမှထလျှင် အခန်းတံခါးဖွင့်ရမည်ဆိုသည့်အသိကြောင့်သာ ဖွင့်လိုက်ခြင်းဖြစ်သည်။ သူ့လို ဆယ်နှစ်အရွယ်ကောင်လေးတစ်ယောက် ခုလို တစ်ယောက်တည်း အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အိပ်တတ်အောင်လည်း ဖခင်ဖြစ်သူက လေ့ကျင့်ထားပေးခြင်း ဖြစ်၏။

တစ်ချက်သန်းဝေကော ပြတင်းပေါက်မှ ခွာရင်း အိပ်ခန်းလေးထဲမှ သစ်နေ ထွက်လာခဲ့၏။ အိပ်ခန်းအပြင်ဘက်ရောက်တော့ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထုံးစံအတိုင်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ရန် ရေချိုး ခန်းသို့ မသွားခင် မိခင်ဖြစ်သူ၏အခန်းသို့ အရင်သွားလိုက်၏။ သစ်နေ၏အမေ ဒေါ်သစ်မြိုင်က နာတာရှည်ကင်ဆာရောဂါဖြင့် အိပ်ရာထဲ လဲလျောင်းနေရ သည်မှာ တစ်နှစ်ကျော်ပြီ။ ထို့ကြောင့်လည်း သစ်နေ၏ဖခင် ဦးနေမောင်က သစ်နေကို ကိုးနှစ်သားအရွယ်ကတည်းက တစ်ယောက်တည်း အိပ်ရဲအောင် လေ့ကျင့်ထားပေးခြင်းဖြစ်၏။

အခန်းထဲသို့ သစ်နေ ဝင်လာသည့်အချိန်မှာတော့ မိခင်ဒေါ်သစ် မြိုင်က နိုးနေလေပြီ။ သစ်နေကို မြင်မြင်ချင်း အိပ်ရာပေါ် လဲလျောင်းရင်းက–

"သားလေးတောင် နိုးလာပြီလား"

သစ်နေက ဘာမှပြန်မပြောဘဲ အမေဖြစ်သူအနားသို့ ပြေးသွား လိုက်ကာ ပိန်လွန်း၍ ချိုင့်ဝင်နေပြီဖြစ်သော ဒေါ်သစ်မြိုင်၏ပါးတစ်ဖက်ကို အရင်နမ်းလိုက်သည်။ ပြီး ... မိခင်၏ရင်ဘတ်ပေါ်တွင် ခေါင်းဖွဖွတင်ထား လိုက်၏။

ဒေါ်သစ်မြိုင်က သစ်နေကို လက်တစ်ဖက်နှင့် သိုင်းဖက်ကာ ...

"သားလေး ဒီနေ့ကျောင်းသွားရဦးမှမလား၊ ပြင်ဆင်တော့လေ"

"ဟုတ်ကဲ့ပါ မေမေရဲ့ ... သား သိပါတယ်၊ ကျောင်းနောက် မကျပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သစ်မြိုင်က ပြုံးလိုက်ရင်း ...

"ဟုတ်ပါပြီ သားရယ် ... မေမေက စိတ်ပူလို့ပါ။ သားလေးအတွက်လည်း ဘာမှမပြင်ဆင်ပေးနိုင်တော့ ခုလိုပဲ သတိပေးရတာပေါ့"

သစ်နေက ရင်ဘတ်ပေါ် ခေါင်းမှီထားရာမှ မတ်လိုက်ရင်း ...

"မေမေကလည်း ပြောတော့မယ် ... မေမေ မနက်တိုင်း သားအတွက် လုပ်ပေးထားတာရှိတယ်လေ။ အဲဒါလေးတွေရရင် တော်ပါပြီ မေမေရဲ့"

"အေးပါ သားရဲ့။ သားအတွက် စက္ကူလှေလေးတွေ လုပ်ထားပြီးတော့ မေမေ မမေ့ပါဘူး။ သားသွားရင် စားပွဲပေါ်မှာယူသွားလေ"

သစ်နေက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မိခင်ဖြစ်သူ၏ ခုတင်ဘေးစားပွဲပေါ်မှ ရောင်စုံစက္ကူလှေရုပ်လေးသုံးခုကို ယူကာ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

"မေမေလည်း အဲဒီစက္ကူလှေလေးတွေ မခေါက်ပေးနိုင်တော့မယ့် ချက်ရောက်မှာကို ကြောက်နေမိတာပါ သားလေးရယ်"

ပြေးထွက်သွားသော သားဖြစ်သူကိုကြည့်ကာ ခပ်တိုးတိုး ရေရွတ်ရင်း မျက်ရည်စက်တွေက ဒေါ်သစ်မြိုင်ပါးပြင်ဆီသို့ လိမ့်စီးကျသွားလေသည်။

မနက်ခင်းတိုင်း ထိုအတွေးတို့ဖြင့် ကျမိသည့်မျက်ရည်တွေကိုလည်း တစ်ဦးတည်းသောသားလေး သစ်နေကို မမြင်စေလိုပါ။

သို့သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



တမလွန်သို့ ခရီးသွားရန်အတွက် လက်မှတ်ရထားပြီးဖြစ်သော ဒေါ်သစ်မြိုင်အတွက်တော့ မနက်ခင်းတိုင်း နိုးထလာပြီး သားလေးမျက်နှာမြင်ခွင့်ရရန်သာ ဆုတောင်းနေဖို့ပဲ တတ်နိုင်ပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျောင်းစိမ်းဝတ်စုံဝတ်ဆင်ပြီးချိန်မှာတော့ ကျောပိုးအိတ်ဖွင့်ကာ စာအုပ်တွေ စုံ,မစုံ စစ်လိုက်သည်။ ထို့နောက် လိုအပ်သည့်စာအုပ်အချို့ကို ကျောပိုးအိတ်ထဲထည့်ကာ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့၏။

ကျောင်းက မနက်ပိုင်း နေ့တစ်ဝက်တက်ရသည့်ကျောင်းမို့ မနက်စာကို အိမ်ကပဲ စားသွားရသည်။ ထမင်းစားခန်းထဲဝင်သွားလိုက်တော့ သူ့အတွက် ကြီးမေ ပြင်ပေးထားသည့် မနက်စာ ထမင်းကြော်ပန်းကန်ကို တွေ့လိုက်ရ၏။ ကြီးမေဆိုတာက သစ်နေ၏အဖေ ဦးနေမောင်၏အစ်မ အပျိုကြီးဖြစ်ပြီး သစ်နေနှင့် အဒေါ်တော်စပ်သူဖြစ်သည်။

မိသားစုစုံစုံညီညီ ထမင်းလက်ဆုံမစားဖြစ်တာ ကြာပြီမို့ ခုလို တစ်ယောက်တည်းလည်း သစ်နေ စားတတ်နေပြီ။ မေမေကလည်း ရောဂါသည်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း အလုပ်အမြဲများနေသူမို့ ထမင်းဝိုင်းတွင် စုံညီဖို့ဆိုတာက မလွယ်သည့်ကိစ္စပဲ။ မနက်ပိုင်း ကျောင်းသို့သွားလျှင်တော့ ဖေဖေက လိုက်ပို့ပါသည်။ ဒါတောင် ဖေဖေက သူ အလုပ်သွားရင်း လမ်းကြုံခေါ် သွားခြင်း ဖြစ်သည်။ ကျောင်းလွှတ်၍ အိမ်ပြန်လျှင်တော့ မောင်သစ်နေ လမ်းလျှောက်ကာ ပြန်ရသည်ပေါ့။

ခုလည်း မနက်စာစားသောက်ပြီးပြီမို့ ကျောပိုးအိတ်လွယ်ကာ ထမင်းစားခန်းမှ ထွက်လာခဲ့၏။ အိမ်ရှေ့ဧည့်ခန်းဆီအရောက်တွင် ဖေဖေနှင့် ကြီးမေတို့ ပြောနေသည့်စကားသံတွေကို ကြားလိုက်ရပြန်သည်။

ဖေဖေက ကြီးမေကို မှာနေခြင်းဖြစ်၏။

"သားသားကို ကျောင်းပို့ပြီးတာနဲ့ ကလေးမလေးကို သွားကြို လိုက်မယ် မမကြီး။ သူ့အတွက် အခန်းတစ်ခန်း ပြင်ထားပေးလိုက်ပါ။ ရေရှည်နေမှာဆိုတော့လေ"

ကြီးမေက ခေါင်းညိတ်ပြရင်း . . .

"အေးပါ . . . မမကြီး လုပ်ထားလိုက်ပါ့မယ်။ အင်း . . . မိဘတွေ ကလည်း ရုတ်တရက် ဆုံးပါးသွားတော့ ကလေးမလေးဘဝက သနားစရာ ပဲကွယ်။ ဒါနဲ့ . . . သားသားနဲ့ ကပ်လျက်အခန်းဆိုရင် အဆင်ပြေမယ် ထင်တယ်နော်"

"ရပါတယ်၊ မမကြီးကောင်းသလိုသာ စီစဉ်ထားလိုက်ပါ"

ရပ်ကာ နားထောင်နေမိသော သစ်နေက စပ်စုလိုက်ပါသည်။

"ဖေဖေ . . . သားတို့အိမ်ကို ဘယ်သူလာမှာမို့လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သစ်နေကို လှည့်ကြည့်လာပြီး ...

"ဪ ... သားမေမေရဲ့အစ်မဝမ်းကွဲက မွေးတဲ့ကလေးမလေး ပါ။ သားနဲ့ဆို မောင်နှမနှစ်ဝမ်းကွဲ တော်မှာပေါ့။ သူ့မိဘတွေ ဆုံးသွားလို့ ဖေဖေတို့က ကူညီပြီး ခေါ်ထားမလို့ပါ"

"ဟင် ... ဒါဆို အဲဒီကောင်မလေးက ဒီမှာ အမြဲနေမှာပေါ့"

ဖေဖေက ပြုံးလိုက်ပြီး ...

"ဒါပေါ့ သားရဲ့၊ ဖေဖေတို့အိမ်က အကျယ်ကြီးပဲဥစ္စာ။ အဲဒီ ကောင်မလေးက ဒီမှာပဲနေပြီး သားတက်တဲ့ကျောင်းမှာပဲ တက်ရမှာ။ အခက်က သားနဲ့ ရွယ်တူလောက်ပဲ"

"ဪ ... အဲလိုလား"

"ဘာလဲ ... သူရောက်လာမှာကို သားသားက သဘောမကျ လို့လား။ သားသားနဲ့က မောင်နှမတွေပဲကွယ်။ ခိုကိုးရာမဲ့နေလို့ ကြီးမေတို့က ကူညီတာလေ။ ပြီးတော့ ဒီကိစ္စက သားမေမေရဲ့ဆန္ဒကြောင့်လည်း ပါတယ်"

ဝင်ပြောလာသောကြီးမေကို သစ်နေက ခေါင်းခါပြလိုက်ရင်း ...

"သဘောမကျလို့ မဟုတ်ပါဘူး။ သားက အံ့ဩသွားလို့ပါ"

"ဟုတ်တာပေါ့၊ ဖေဖေတို့လည်း သားကို ကြိုမပြောထားမိတာ ကိုး။ ကဲကဲ ... ကျောင်းသွားမယ်မလား၊ ကားထဲကသွားစောင့်နေ သား။ ဖေဖေ သားကြီးမေနဲ့ စကားပြောပြီး လိုက်လာခဲ့မယ်"

ဖေဖေက သွားခိုင်းသဖြင့် သစ်နေ ထွက်လာခဲ့သည်။ သို့သော် ဖေဖေမှာသလို ကားဆီသို့မသွားသေးဘဲ ခြံထဲမှထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံအပြင်ဘက်ရောက်တော့ ကျောပိုးအိတ်ကိုလွယ်ရင်း အိမ်နှင့် ခပ်လှမ်းလှမ်းတစ်နေရာဆီသို့ ပြေးသွားလိုက်သည်။ သစ်နေ ဦးတည်ကာ သွားနေသည်က အိမ်နှင့်မလှမ်းမကမ်းမှာရှိနေသည့် ရေကန်ဆီသို့ ဖြစ်လေသည်။

နှစ်ကေလောက်ကျယ်မည့် ရေကန်၏ရေမျက်နှာပြင်က စိမ်းစိုနက်မှောင်နေသည်။ ရေကန်၏ဘေးပတ်ပတ်လည်တွင်လည်း စိမ်းစိုအေးဝေသောသစ်ပင်တို့က အစီအရီပေါက်ရောက်နေကြ၏။ ရေစပ်တွင် တံတားတိုတစ်စင်းရှိနေပြီး ထိုတံတား၏ထိပ်နားတွင် လှေငယ်လေးတစ်စီးကို ကြိုးနှင့်ကပ်၍ ချည်ထားသည်။ ထိုလှေငယ်လေးကို ရေကန်ထဲသို့ ကျရောက်နေသည့် သစ်ရွက်ခြောက်များနှင့်အမှိုက်များ ကောက်ရန်အတွက် လူကြီးတစ်ဦး အသုံးပြုတာကိုတော့ သစ်နေ မြင်ဖူးသည်။ တခြားအချိန်တွေမှာတော့ ထိုလှေငယ်လေးက တံတားထိပ်နားတွင် ချည်ထားမြဲအတိုင်း။

သစ်နေက တံတားပေါ်သို့ လျှောက်သွားရင်း တံတားအဆုံးနားတွင် ရပ်ကာ ထိုင်ချလိုက်သည်။ တံတားကြမ်းခင်းနှင့် ရေမျက်နှာပြင်က တစ်ပေနီးပါးလောက်ပဲ ကွာမည်ထင်၏။

တံတားထိပ်နားလေးတွင် ထိုင်ရင်းက ခန္ဓာကိုယ်ကို ကိုင်းညွတ်ကာ ကန်ထဲမှရေကို လက်နှင့်ထိကြည့်လိုက်သည်။ ထို့နောက် ကျောပိုးအိတ်ကို ဖွင့်၍ အိတ်ထဲမှ စက္ကူလှေလေးတွေကို ထုတ်ယူလိုက်၏။ လှေလေးတွေကို ကန်ရေပြင်ပေါ်သို့ ဖြည်းညင်းစွာ ချပေးလိုက်ပြီး သစ်နေ ဆုတောင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ အမြန်ဆုံး နေကောင်းပါစေ"

ထိုသို့ဆုတောင်းလျှင် ဆုတောင်းပြည့်မပြည့်တော့ သစ်နေ မသိပါ။ ...သော် မနက်တိုင်းနှီးပါး မေမေ ခေါက်ပေးသော စက္ကူလေ့လေးတွေကို ...ထဲသို့ချပြီး ဆုတောင်းတာကတော့ လုပ်နေကျ အလုပ်တစ်ခုလို ဖြစ်နေပြီ။

ထို့နောက်မှာတော့ ရေကန်ကို ကျောခိုင်းကာ သစ်နေ ပြန်ထွက်လာ ခဲ့လေသည်။

ကားထဲမှာ ဖေဖေစောင့်နေလောက်ပြီ ထင်ပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကားရှေ့ခန်းတွင် တက်ထိုင်လိုက်သော သားတော်မောင်ကို ကြည့်ကာ ဦးနေမောင်က မေးလိုက်သည်။

"ရေကန်နားကို သွားနေတာလား သားသား"

သစ်နေက ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် ဖေဖေ၊ မေမေခေါက်ပေးတဲ့ လှေကလေးတွေ သွားလွှတ်တာပါ"

ဦးနေမောင် သက်ပြင်းခိုးချလိုက်သည်။ ပြီး ... စိတ်ပူသော မျက်နှာပေးဖြင့် ...

"အင်း ... လှေသွားလွှတ်တာတော့ ဖေဖေအပြစ်မပြောချင်ပါဘူး။ ဒါပေမဲ့ ရေကန်နားသွားရင် ဂရုစိုက်နော် သားသား။ မတော်တဆ ရေကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com


မြတ်ကျမှာစိုးလို့"

"ဟုတ်ကဲ့ပါ မေမေ၊ သား ဂရုစိုက်ပါ့မယ်"

ဦးနေမောင်က ပြုံးကာ ကားစက်နှိုးလိုက်ပြီး ခြံထဲမှ မောင်းထွက်သိုက်ပါသည်။ ကျောင်းသို့သွားရာလမ်းတွင် တစ်ချိန်လုံး ငြိမ်သက်ကာ လိုက်ပါလာပြီးမှ သစ်နေက ရုတ်တရက်ပြောလိုက်၏။

"ဖေဖေ သားလည်း လိုက်ခဲ့ချင်တယ်"

"ဟေ"

ဘာကိုဆိုလိုမှန်းမသိသဖြင့် ဦးနေမောင် ပြန်မေးလိုက်မိသည်။

"ဘယ်ကိုလိုက်မလို့ ပြောနေတာလဲကွ"

သစ်နေက ...

"ဟိုလေ သားတို့အိမ်မှာနေမယ့် ဟိုကောင်မလေးကို ဖေဖေ သွားခေါ်မှာဆို။ အဲဒါ သားလည်း လိုက်ခဲ့ချင်တယ်လို့ ပြောတာ"

ဦးနေမောင်က ရယ်လိုက်ရင်း ...

"ဩော် ... ဘာများလဲလို့ သားရယ်။ သားလိုက်ရင် သား ကျောင်းပျက်မှာပေါ့။ ကျောင်းကပြန်ရောက်လာတဲ့အခါ တွေ့မှာပဲဥစ္စာ။ ခဏလာတဲ့ ဧည့်သည်လည်းမဟုတ်ဘူး၊ ကျောင်းသာ သွားစမ်းပါ သားရာ"

စောဒကတက်လျှင်လည်း ထူးမှာမဟုတ်သဖြင့် သစ်နေ ထပ်မပြောနေတော့။ သို့သော်လည်း အိမ်သို့ရောက်လာမည့် ထိုကောင်မလေးကို ညနေကျောင်းဆင်းချိန်ထိ မစောင့်ဘဲ တွေ့ချင်နေမိသည်ကတော့ အမှန်ပင် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဦးနေမောင် မောင်းလာသည့်ကားက လမ်းပေါ်ရှိ ရေအိုင်ကွက်တစ်ခုကို ဖြတ်မောင်းမိပြီး ရေစက်တွေက လမ်းဘေးသို့ လွင့်စဉ်ကာ လမ်းလျှောက်နေသူတစ်ဦးအား သွားစင်သည်။ ဦးနေမောင်က ချက်ချင်းပဲ ကားရပ်ပြီး ရေစိုသွားသောလူကို တောင်းပန်လိုက်၏။ မတော်တဆဖြစ်ရပ်မို့ ထိုလူကလည်း နားလည်သဘောပေါက်စွာ ခွင့်လွှတ်ပါသည်။

ကားပေါ်တက်ကာ ပြန်မောင်းရင်း ဦးနေမောင်က ညည်းလိုက်၏။

"မနက်က မိုးရွာလိုက်တော့ လမ်းပေါ်ရေတွေတင်နေပြန်ပြီ။ ဒီလမ်းတွေလည်း ဘယ်တော့များမှ ချိုင့်ကွက် ကင်းစင်မလဲမသိဘူး"

ဘယ်အချိန်ကျမှ လမ်းတွေပြန်ကောင်းလာမည်ကိုတော့ သစ်နေလည်း မသိပါ။ သို့သော်လည်း လတ်တလောဖြစ်ရပ်ကြောင့် ကလေးအတွေးဖြင့် အကြံတစ်ခု ရသွားလေသည်။

ကျောင်းရှေ့မှာ ကားရပ်ပေးလိုက်တော့ သစ်နေက ကျောပိုးအိတ်လွယ်ယူကာ ကားပေါ်မှဆင်းလိုက်၏။

"သားသား ဖေဖေ သွားပြီ။ နေ့လယ်ကျောင်းဆင်းရင် လမ်းဘေးက လျှောက်ပြန်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

မောင်းထွက်သွားသည့်ကားကို သစ်နေရပ်ကာ မျက်စိတဆုံးလိုက်ကြည့်လိုက်သည်။ ထို့နောက် ကျောင်းသူကျောင်းသားတွေ တဖွဲဖွဲဝင်သွားနေကြသည့် ကျောင်းတံခါးဝဆီသို့လည်း ထပ်ကာ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ စိတ်ထဲက စဉ်းစားထားသည့်အတိုင်း ကျောင်းတံခါးဝဆီသို့မသွားဘဲ ခပ်လှမ်းလှမ်းရှိ လမ်းပေါ်တွင် မိုးရွာထားသဖြင့် ရေတင်ကျန်နေသည့် ရေအိုင်ကွက်ဆီသို့ ဦးတည်လိုက်ပါ၏။

ရေအိုင်ကွက်ဆီအရောက်တွင် လမ်းလျှောက်လာရင်း ခလုတ်တိုက်မိသလို ဟန်လုပ်ကာ ရေကွက်ထဲ ထိုင်ချလိုက်သည်။ ချက်ချင်းပဲ အနောက်ကိုယ်အောက်ပိုင်းတစ်ခုလုံး ရွှဲရွှဲစိုသွားလေ၏။ သစ်နေ တစ်ချက်ပြုံးလိုက်ရင်း မတ်တတ်ထရပ်ကာ ကျောင်းတံခါးဝဆီသို့ လျှောက်သွားလိုက်သည်။

"သား ... ခဏ ခဏ၊ ရေတွေစိုလို့ပါလား ဘာဖြစ်လာတာလဲ"

ကျောင်းတံခါးဝတွင် တာဝန်ကျသည့် ဆရာမတစ်ယောက်က သစ်နေကို သတိထားမိကာ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

သစ်နေက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်ပြီးမှ မျက်နှာငယ်လေးဖြင့် ...

"ရေအိုင်နားမှာ ချော်လဲလာလို့ တီချယ်"

ဆရာမက မျက်စောင်းထိုးကာ ...

"မင်းကတော့ ဖြစ်ရမယ်။ ဒါနဲ့ လဲမယ့်အဝတ်အစားကော အပိုပါရဲ့လား"

ခေါင်းခါလိုက်ရင်း သစ်နေက ...

"မပါဘူး တီချယ်"

"အယ် ... ဒုက္ခပဲ၊ ရေစိုအဝတ်အစားကြီးနဲ့ ကျောင်းတက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်အဆင်ပြေမှာလဲ၊ ဒါနဲ့ သားက ဘယ်အတန်းကလဲ''

''ငါးတန်းအေကပါ တီချယ်၊ သားနာမည်က သစ်နေပါခင်ဗျ''

သွက်သွက်လက်လက် ပြန်ဖြေလိုက်သည့်သစ်နေကို ကြည့်ကာ ဆရာမက ...

''ဪ ... အေး အေး၊ သစ်နေနော် ... သား အိမ်ပြန်လိုက်တော့လေ။ သားအတန်းပိုင်ဆရာမကို တီချယ်အကျိုးအကြောင်းပြောပြီး ခွင့်တိုင်ထားပေးလိုက်မယ်။ ဟုတ်ပြီလား''

သစ်နေက လက်ပိုက်လိုက်ရင်း ရိုရိုသေသေ ပြန်ပြောလိုက်ပါသည်။

''ဟုတ်ကဲ့ပါ တီချယ်၊ ဒါဆို သား အိမ်ပြန်လိုက်တော့မယ်''

''နောက်နေ့ကျရင် စာတွေပြန်ကူးထားဦးနော် သား''

''ဟုတ်''

ပြောပြီး သစ်နေ လှည့်ထွက်လိုက်ပါသည်။ ကျောင်းနှင့် ခပ်လှမ်းလှမ်းရောက်သည့်အခါမှာတော့ ပေးခနဲ ပျော်ရွှင်စွာအော်ဟစ်ရင်း အိမ်သို့ သုတ်ခြေတင် ပြေးသွားလိုက်ပါတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အိမ်ရှေ့ရောက်တော့ ခြံဝင်းထဲ တန်းမဝင်သေးဘဲ ခြံပေါက်ဝမှ ချောင်းကြည့်လိုက်သေးသည်။ ခြံထဲမှာ ဖေဖေ့ကားရပ်ထားသဖြင့် တစ်ချက်အကဲခတ်လိုက်ပြီးမှ ကုတ်ချောင်းချောင်းနှင့် ဝင်သွားလိုက်သည်။

အိမ်ရှေ့တံခါးမကြီးနားရောက်တော့လည်း အိမ်ထဲသို့ ချက်ချင်းမဝင်သေး။ ခန္ဓာကိုယ်ကိုကွယ်ကာ တံခါးဝမှ အသာချောင်းကြည့်လိုက်သည်။

ဖေဖေနှင့်ကြီးမေတို့၏ရှေ့တွင် ခေါင်းငုံ့ကာ ရှိုရှိုလေးထိုင်နေသည့် သေးသေးဖြူဖြူ ကောင်မလေးကို တွေ့လိုက်ရ၏။ ကောင်မလေးက ဘေးတိုက်အနေအထားမှာရှိနေသဖြင့် မျက်နှာကိုတော့ ရှင်းလင်းစွာ မမြင်ရသေး။ ဘယ်လိုပဲဖြစ်ဖြစ် သူမြင်ဖူးချင်နေသည့် ကောင်မလေးကို တွေ့လိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်နေ ကျေနပ်သွားသည်။

ဖေဖေကတော့ ကြီးမေနှင့် ကောင်မလေးတို့ကို တစ်လှည့်စီကြည့်ကာ စကားတွေပြောနေသည်။ ထို့နောက်မှာတော့ ကြီးမေက ထိုကောင်မလေးကိုခေါ်ကာ အိမ်ပေါ်ထပ်ဆီသို့ တက်သွားလေ၏။

ထိုအခါကျမှ ဖေဖေလည်း ဧည့်ခန်းထဲမှနေ၍ အိမ်အပြင်ဘက်သို့ ပြန်ထွက်လာသည်။ သစ်နေလည်း တံခါးဝမှခွာကာ အိမ်ဘေးဆီသို့ ပြေး၍ ပုန်းနေလိုက်၏။

အိမ်ရှေ့ဆီမှ ကားမောင်းထွက်သွားသံကြားပြီး အတော်လေးကြာတော့မှ သစ်နေလည်း အိမ်ဘေးရှိ ပုန်းနေသောနေရာမှ ထွက်လာခဲ့သည်။ အိမ်ထဲသို့ ခပ်တည်တည်ဝင်သွားလိုက်တော့ အပေါ်ထပ်မှ ပြန်ဆင်းလာသည့် ကြီးမေနှင့် တန်းတိုး၏။

ကြီးမေက အံ့ဩသွားဟန်နှင့် ...

"ဟင် ... သားသားက ကျောင်းသွားတာ ဘယ်လိုဖြစ်ပြီး ပြန်ရောက်လာတာလဲ"

မလုံမလဲပုံစံနှင့် သစ်နေ ညာပြောလိုက်သည်။

"လမ်းမှာ ရေအိုင်ကွက်ထဲချော်လဲလို့ ရေစိုသွားတယ် ကြီးမေရဲ့။ အဲဒါကြောင့် ဆရာမက မတက်ခိုင်းဘဲ ပြန်လွှတ်လိုက်တာ"

ထိုစကားကြောင့် ကြီးမေက မသိမသာ မျက်မှောင်ကြုတ်လိုက်သည်။ သစ်နေ၏မျက်နှာပေးကလည်း ကလေးပီပီ ညာပြောနေမှန်း ရိပ်မိသလိုလို ရှိလာသည်မို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကော ဟုတ်လို့လား သားသားရယ်။ သားသားအဖေက ကျောင်းကို ကားနဲ့လိုက်ပို့တာလေ။ ဘယ်လိုဖြစ်လို့ ရေအိုင်ထဲ ချော်လဲရတာလဲ"

သစ်နေ၏မျက်နှာလေးက မှုန်ကုတ်ကုတ်လေးဖြစ်သွားသည်။ နောက်စကားညီအောင်လည်း မညာတတ်တော့သဖြင့် ခပ်တည်တည် ပြုံးလုပ်ကာ ...

"အာ ... ကြီးမေကလည်း တကယ်ကြီးချော်လဲလို့ ဒီမှာ ရေတွေ စိုနေတာပေါ့ဗျ"

ထိုအခါမှ ကြီးမေက ပြုံးလိုက်သည်။ သစ်နေကိုလည်း ထပ်ကာ စစ်ဆေးချင်တော့သဖြင့် ...

"ဟုတ်ပါပြီကွယ်၊ ဆရာမ ပြန်လွှတ်လိုက်တယ်ဆိုရင်လည်း ပြီးတာပါပဲ သားသားရဲ့။ ကဲ ကဲ ... ရေစိုအဝတ်အစားတွေ လဲလိုက်ဦး။ အအေးမိနေဦးမယ်"

"ဟုတ်ကဲ့ ကြီးမေ"

ပြောရင်း ကြီးမေ၏ရှေ့မှ လှည့်ထွက်လိုက်သည်။ တစ်လှမ်း နှစ် လှမ်းလျှောက်လိုက်ပြီးမှ သတိရသွားသဖြင့် ...

"ကြီးမေ ... ဟိုကောင်မလေးက အပေါ်ထပ်မှာနေမှာလား။ သူ့အတွက် ဘယ်အခန်းကို ပေးထားလဲ"

ထိုစကားကြောင့် ကြီးမေက မျက်မှောင်ကြုတ်လိုက်ပြီးမှ ...

"ဘယ်ကောင်မလေးကို ပြောတာလဲ သားသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သစ်နေမျက်နှာပေါ် ရှက်ရိပ်တွေဖြတ်သန်းသွားသည်။ တစ်ဆက်တည်းပဲ ကြီးမေကို ဘုကြည့်လေးကြည့်လိုက်ရင်း ...

"ဟာဗျာ ကြီးမေကလည်း ... သားတို့အိမ်မှာနေဖို့ရောက်လာတဲ့ ကောင်မလေးလေ။ ခုနကတောင် ကြီးမေ အပေါ်ထပ်ကို ခေါ်သွားသေး တယ် မဟုတ်လား"

ထိုအခါမှ ကြီးမေက ပြုံးစစလုပ်ကာ ...

"ဩော် ... သားသားက ကြီးမေတို့ကို တွေ့လိုက်တယ်ပေါ့။ ဒါဆို အိမ်ပြန်ရောက်နေတာကြာပြီပဲ။ ဘာလို့ အိမ်ထဲမဝင်လာတာလဲ သားသား"

"ကျောင်းမတက်ဘဲပြန်လာရင် ဖေဖေဆူမှာစိုးလို့ပေါ့ ကြီးမေရာ ကြီးမေကလည်း စစ်လား,ဆေးလားနဲ့"

ရှုပုတ်ပုတ်ပြောရင်း ကြီးမေရှေ့မှ ထွက်လာခဲ့သည်။ အပေါ်ထပ်ရှိ အခန်းသို့သွားရန် လှေကားပေါ်စတက်လိုက်ချိန်မှာတော့ ကြီးမေ၏လှမ်းပြော သံကို သစ်နေ ကြားလိုက်ရပြန်၏။

"ကလေးမလေးအခန်းက သားသားအခန်းနဲ့ကပ်လျက်နော်။ အဲ ... သားသားညီမလေးနာမည်က နှိုဇာတဲ့"

လှေကားပေါ် ဆက်တက်လာခဲ့ရင်း နှိုဇာဟု အသံတိတ် ခေါ် ကြည့်လိုက်မိသည်။

နှိုဇာ .... တဲ့။ ခေါ်လို့ကောင်းသားပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကိုယ့်အခန်းရှိရာသို့အသွားတွင် နို့ဇာအတွက် ပေးထားသော အခန်းသော့မှ ဖြတ်ရသဖြင့် သစ်နေ မသိမသာ ကြည့်မိသေးသည်။ အခန်းတံခါးက ပိတ်ထားသည်မို့ ဘာမှမမြင်ရ။ ထိုကောင်မလေးလည်း ခရီးပန်းလာလို့ အိပ်နေပြီ ထင်ပါသည်။

သစ်နေလည်း အခန်းထဲဝင်ကာ လဲရန်အဝတ်အစားတွေယူပြီး ရေချိုးခန်းဆီ ထွက်လာခဲ့၏။ ရေချိုးပြီးပါက မေမေ့ဆီသွားဦးမည်ဟုလည်း စိတ်ကူးလိုက်သည်။ ကျောင်းမတက်တော့လည်း မေမေ့အနားမှာနေဖို့ အချိန်ပိုရတာပေါ့။

ရေမိုးချိုး အဝတ်အစားလဲပြီး မေမေ့အခန်းထဲ ဝင်သွားလိုက်သော သစ်နေ အံ့သြသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ခုတင်ဘေးတွင် ထိုင်နေသည့် ဟိုကောင်မလေးကို တွေ့လိုက်၍ ဖြစ်၏။ လျှောက်ဝင်လာသော သစ်နေ၏ခြေသံ တရှပ်ရှပ်ကြောင့် မေမေက ခေါင်းငဲ့ကာ ကြည့်လာပြီး ...

"သားသား ... လာလေ ... ဒီမှာ သားညီမလေးလည်း ရောက်နေတယ်"

သစ်နေလည်း ရပ်လိုက်မိသော ခြေလှမ်းကို ပြန်လျှောက်ကာ မေမေ့အနားဆီသို့ သွားလိုက်သည်။ ခုတင်၏တစ်ဖက်တွင် ရပ်လိုက်သဖြင့် ကောင်မလေးနှင့် မျက်နှာချင်းဆိုင်သလို ဖြစ်သွားသည်။ ညီမတော်စပ်သော ကောင်မလေးက အသားဖြူသည့်အပြင် မျက်နှာကလည်း လုံးလုံးလေးမို့ သစ်နေစိတ်ထဲမှ ဘဲဥမဟု နာမည်ပြောင်ပေးလိုက်မိ၏။

မေမေကတော့ သစ်နေကို အားယူပြုံးပြရင်း ...

"သားသား ဒါက သားညီမလေးလေ။ နာမည်က နှိုဇာတဲ့။ သမီးလေးက ဒီမှာပဲနေပြီး ကျောင်းတက်မှာ သားရဲ့"

သစ်နေက နှိုဇာကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"သူက ဘယ်နှတန်းတက်မှာလဲ မေမေ"

မေမေက နှိုဇာကိုကြည့်လိုက်သေးသည်။ နှိုဇာ့ပုံစံလေးက မဝံ့မရဲဖြစ်နေ၏။

"သားသားနဲ့ အတန်းအတူတူပဲလေ။ ကျောင်းမှာ ညီမလေးနှိုဇာကို စောင့်ရှောက်ရမယ်နော် သားသား"

"ဟုတ်ကဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com


သစ်နေ ခေါင်းညိတ်ရင်း ပြောလိုက်သည်ကို နိုဇာက သေသေချာချာ ကြည့်လေသည်။ မေမေက သစ်နေနှင့်နိုဇာတို့ကို တစ်လှည့်စီ ကြည့်ကာ ပြုံးလိုက်ပြီးမှ ...

"ပြီးတော့ သားတို့မောင်နှမနှစ်ယောက်လည်း ချစ်ချစ်ခင်ခင်နေရမယ်နော်။ မောင်နှမနှစ်ယောက်က အတန်းလည်းတူတော့ စာကျက်ဖို့ရော ဆော့ဖို့ပါ အဖော်ရသွားတာပေါ့"

ဆော့ဖို့ဆိုသည့်စကားကြားမှပဲ သစ်နေလည်း မေမေ့ခုတင်ဘေးရှိ အံဆွဲပေါ်မှ စက္ကူလှေလေးတွေကို မြင်လိုက်မိသည်။ ထို့ကြောင့် ...

"ဟင် ... မေမေက စက္ကူလှေလေးတွေ ထပ်ခေါက်ထားတာလား"

"အင်း ... မေမေလည်း အိပ်မပျော်တာနဲ့ သား နောက်နေ့ဆော့ဖို့ရအောင် ချိုးထားပေးတာ"

"နောက်နေ့အတွက် ပြီးရင် ထပ်ချိုးပေးလေ။ ခုချိုးထားတဲ့ လှေကလေးတွေကိုတော့ သားယူသွားမယ်"

ပြောရင်း စက္ကူလှေလေးသုံးခုကို လှမ်းယူလိုက်သည်။ မေမေက ပြုံး၍ ကြည့်နေပြီး ...

"သားသား သွားဆော့မယ်ဆိုရင် ညီမလေးကိုပါ ခေါ်သွားနော်။ သူလည်း ပျင်းနေမှာပေါ့"

ထိုအခါမှ သစ်နေက နိုဇာကိုကြည့်လိုက်ရင်း ...

"ဟော့ ... လာလေ သွားရအောင်"


www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သစ်နေက လှည့်ထွက်လိုက်သည်။ အခန်းဝရောက်၍ လှည့်ကြည့်လိုက်တော့ နီဇာ လိုက်လာသည်ကို တွေ့သဖြင့် ကျေနပ်စွာ ပြုံးလိုက်မိသည်။

စက္ကူလှေကလေးတွေကိုယူကာ အိမ်အပြင်ဘက် ထွက်လာခဲ့ရင်း ခြံဝင်းထဲရောက်တော့ သစ်နေ ရပ်စောင့်နေလိုက်သည်။ ခဏနေတော့ နီဇာက သူ့ဘေးတွင် ရှိရှိလေးလာရပ်၏။

သစ်နေက စောင်းငဲ့ကြည့်ကာ ...

"ငါက ရေကန်ကြီးနားကိုသွားမှာ၊ နင်လိုက်မလား"

ပထမဆုံးအကြိမ် နီဇာကို စကားပြောလိုက်ခြင်း ဖြစ်သည်။ နီဇာ၏အသံလေးကိုလည်း သစ်နေ ပထမဆုံးအကြိမ် ကြားလိုက်ရလေ၏။

"အင်း ... နင် ခေါ်မယ်ဆိုရင်တော့ လိုက်ချင်တယ်"

ထိုစကားကြောင့် သစ်နေက ပြုံးလိုက်မိရင်း ...

"ခေါ်ပါတယ်ဟ၊ လာလေ သွားရအောင်"

သစ်နေက ဦးဆောင်ကာ ရေကန်ကြီးအနားသို့ ခေါ်သွားလိုက်သည်။ နံဘေးတွင် သစ်ပင်များ အုပ်ဆိုင်းဆိုင်း ပေါက်ရောက်နေသည့် မြေနီလမ်းကလေးမှ လျှောက်လာခဲ့ရင်း ရေကန်ကြီးကို ဘွားခနဲ တွေ့လိုက်ရချိန်မှာတော့ နီဇာ၏မျက်နှာပေါ်တွင် အံ့သြပျော်ရွှင်ရိပ်တွေက အထင်းသား ပေါ်သွားသည်။

ချက်ချင်းပဲ သစ်နေကိုကျော်ကာ ရေကန်စပ်ရှိ တံတားလေးဆီသို့ ပြေးသွားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာဟယ်၊ ဒီအနားမှာ ဒီလိုရေကန်မျိုး ရှိမယ်လို့ မထင်ရဘူး"

သစ်နေက နိုဇာအနားသို့သွားကာ . . .

"နင်ကလည်း ရေကန်ရှိတာများ ထူးဆန်းလို့။ နင် အရင်နေခဲ့တဲ့ နေရာမှာ ရေကန်မရှိဘူးလား"

နိုဇာက ခေါင်းခါရင်း . . .

"ဟင့်အင်း . . . မရှိဘူး၊ ငါတို့မြို့လေးမှာ လူတွေပဲရှိတယ်"

ထိုစကားကြောင့် သစ်နေ ရယ်လိုက်မိသည်။ ထို့နောက် တံတား အစွန်းတွင်ထိုင်ရင်း လှေကလေးတစ်စီးကို ကန်ထဲသို့ အသာချကာ လွှတ်လိုက်ပြီးမှ သတိရသွားသဖြင့် . . .

"နိုဇာ နင်ကော ဆုတောင်းဦးမလား"

နိုဇာက နားမလည်ဟန်ဖြင့် အူတူတူလေး ပြန်ကြည့်ကာ . . .

"ဟင် . . . ဘာကိုဆုတောင်းရမှာလဲ"

သစ်နေက ရယ်ကျဲကျဲလေးလုပ်လိုက်ပြီးမှ . . .

"ဒီလိုလေ . . . ဒီစက္ကူလှေလေးတွေကို ရေကန်ထဲလွှတ်ပြီး လိုချင်တာ ဆုတောင်းလို့ရတယ်။ အဲဒါကြောင့် လှေလွှတ်ပြီး ဆုတောင်း မလားလို့ မေးတာ"

နိုဇာက သိပ်မယုံဟန်ဖြင့် . . .

"အဲလိုဆုတောင်းရင် ရတယ်လို့ နင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူမှမပြောဘူး၊ ငါ့ဟာငါ ယုံကြည်လို့ ဆုတောင်းတာ။



www.burmeseclassic.com

www.burmeseclassic.com


နင်လည်း စိတ်ပါမှ ဆုတောင်းလေ၊ သဘောပဲ''

စကားအဆုံးမှာ နှီဇာက ခပ်တွေတွေလေး စဉ်းစားနေသေးသည်။ ပြီးမှ ဖြူဖြူသွယ်သွယ် လက်ကလေးတစ်ဖက်က လှမ်းလာပြီး . . .

''ငါ့ကိုလည်း လှေတစ်စင်းပေး''

သစ်နေက လက်ထဲမှ စက္ကူလှေလေးတစ်စင်းကို ကမ်းပေးလိုက်သည်။ နှီဇာက သစ်နေကို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ တံတားအစွန်းတွင် ထိုင်ချကာ လှေကလေးကို ရေထဲသို့ ချလွှတ်လိုက်ပါသည်။

သစ်နေက . . .

''နင် ဘာဆုတောင်းလိုက်လဲ နှီဇာ''

နှီဇာက ပြုံးစိစိမျက်နှာလေးနှင့် . . .

''ဆုတော့တောင်းလိုက်တယ်။ ဒါပေမဲ့ . . . နင့်ကို မပြောချင်သေးဘူး''

''ကြီးကျယ်လိုက်တာ။ မပြောချင်လည်းနေပေါ့''

ထိုစကားကြောင့် နှီဇာက ရယ်လိုက်ပြီး . . .

''နင်ကလည်း ယောကျ်ားလေးဖြစ်ပြီး စိတ်ကောက်မလို့လား''

သစ်နေ ရှက်တက်တက်ဖြစ်သွားရင်း ပြန်ပြောလိုက်ပါသည်။

''အာ . . . ဘာလို့ စိတ်ကောက်ရမှာလဲ။ ဒီအတိုင်းပဲပြောလိုက်တာပါ။ ကဲပါ . . . ပြန်ကြရအောင်''

ပြောရင်း သစ်နေ လှည့်ထွက်ချိန်မှာတော့ နှီဇာ့ထံမှ စကားသံလေး ကြားလိုက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"သစ်နေ အန်တီပြောသလို နင် ငါ့ကို စောင့်ရှောက်မှာလားဟင်"

သစ်နေက ဆတ်ခနဲ ပြန်လှည့်ကြည့်ကာ ...

"စောင့်ရှောက်မှာပေါ့ဟ။ နင်က ငါ့ညီမပဲဟာကို"

နိုဇာ ပြုံးလိုက်သည်။ တကယ်ကို ကျေကျေနပ်နပ် ပြုံးလိုက်ခြင်းလည်း ဖြစ်၏။ ပြီး ... လိုလိုလားလား စိတ်ရင်းနှင့် ပြောလိုက်ပုံရသည့် စကားကလည်း ထွက်လာပါသည်။

"အင်း ... ဒါဆို ငါ့မှာ အစ်ကိုတစ်ယောက် ရပြီပေါ့။ ငါ နင့်ကို ကိုသစ်လို့ ခေါ်မယ်နော်"

သစ်နေ ခေါင်းညိတ်ပြလိုက်၏။

ရေကန်ကြီးကလည်း သူတို့နှစ်ယောက်ကို ငြိမ်ဆိတ်ကာ ကြည့်နေပါသည်။ ကလေးနှစ်ယောက်၏သံယောဇဉ်အစပြုမှုကိုပဲ သဘောကျနေသည်လားတော့ မပြောတတ်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

သစ်နေ၏အဖေ ဦးနေမောင်ကိုယ်တိုင် ကျောင်းလိုက်အပ်ပေးသဖြင့် သစ်နေတို့ စာသင်အခန်းမှာပဲ နီဇာ ကျောင်းတက်ခွင့်ရပါသည်။ နီဇာ ကျောင်းစတက်သည့်နေ့မှာပဲ အတန်းပိုင်ဆရာမက နီဇာသည် သစ်နေ၏ညီမဖြစ်ကြောင်း အတန်းသားများကို မိတ်ဆက်ပေးလိုက်၏။

ထိုသို့ မိတ်ဆက်ပေးတာက ပြဿနာတော့မဟုတ်ပါ။ သို့သော်လည်း နီဇာပုံစံက ဖြူဖြူလုံးလုံးနှင့် ချစ်စရာလေးမို့ အတန်းထဲရှိ ခပ်သွက်သွက်ကောင်တွေက စချင် နောက်ချင်ကြ၏။ ဒါတောင် နီဇာက ခပ်တည်တည်နေသောကြောင့်ဖြစ်သည်။ နောက်တစ်ချက် ပိုဆိုးတာက သစ်နေကို ယောက်ဖဟု မကြားတကြား စသလို နောက်သလို ခေါ်ကြခြင်းဖြစ်၏။ ထိုသို့ခေါ်ခံရတိုင်းလည်း သစ်နေ တင်းမိသည်။ သို့သော်လည်း အကဲပို

www.burmeseclassic.com

www.burmeseclassic.com


ည်ထင်မှာစိုးသဖြင့် ပြန်မပြောမနေတော့ဘဲ မသိချင်ယောင်ဆောင် လိုက်၏။

ထိုသို့ဖြင့် ...

ကျောင်းတက်တာ တစ်ပတ်နီးပါးရှိလာတော့ နိုဇာလည်း မိန်းက လေးသူငယ်ချင်းအချို့ ရနေပြီ။ တည်တည်နေတတ်သည့် နိုဇာ့မျက်နှာပေါ် မှာလည်း အရယ်အပြုံးလေးတွေကို တွေ့လာရ၏။ အနည်းငယ် ပြောင်းလဲ လာသော နိုဇာ့ပုံစံကိုကြည့်ကာ သစ်နေ ဝမ်းသာမိပါသည်။

သစ်နေအဖို့ ကျောင်းသွားရန် အဖော်ရနေပြီဖြစ်သော်လည်း ဖေဖေ က နောက်ပိုင်းကျောင်းသို့ အသွားခရီးကို သူ့ကားနှင့် လိုက်ပို့ပေးသေးသည်။ ကျောင်းမှပြန်လျှင်တော့ နိုဇာနှင့်အတူတူ လမ်းလျှောက်ပြန်ရုံပေါ့။

တစ်မနက်တော့ ကျောင်းတက်ရန်အတွက် ကျောင်းဝင်းထဲသို့ ဝင် လာတွင် ဆရာတစ်ယောက်က သစ်နေကို လှမ်းခေါ်ကာ ဘောလုံးကန် ပြောသဖြင့် သစ်နေ စကားပြောကျန်ခဲ့ရ၏။ နိုဇာကတော့ သူနှင့်မဆိုင် သည့်ကိစ္စမို့ ကျောင်းဝင်းထဲပဲ ဆက်ဝင်သွားလေသည်။

ဆရာနှင့်စကားပြောပြီးပြီးချင်း သစ်နေလည်း နောက်မှ ပြေး လိုက်သွားလိုက်သည်။ သစ်နေတို့စာသင်ခန်းက ကျောင်း၏အစွန်ဘက်ခြမ်း မှာ ရှိသဖြင့် ကျောင်းပေါ်ခြေချမိသည့်တိုင် အတော်လမ်းလျှောက်ရသေး သည်။

သစ်နေပြေးလိုက်သွားတော့ ကော်ရစ်တာပေါ် လမ်းလျှောက်နေ သော နိုဇာကို တွေ့လိုက်ရ၏။ သစ်နေပါမလာသဖြင့် နိုဇာကို


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဟု ထင်ပုံရသည့် ကျောင်းသားတချို့က လိုက်စနေသည်ကိုလည်း လှမ်းတွေ့လိုက်ရသည်။

"ဘယ်ညာ ဘယ် ညာ၊ ညာ ဘယ် ဘယ် ဘယ်ညာ၊ ညာညာ ဘယ်"

လမ်းလျှောက်နေသော နိုဇာကို ခြေလှမ်းများအောင် လိုက်အော်နေကြခြင်းဖြစ်သည်။ နိုဇာကတော့ ထိုအုပ်စုကို ခပ်တင်းတင်း တစ်ချက်ကြည့်လိုက်ပြီးမှ ဆက်လျှောက်သွားသည်။ ဒါသည်ကိုပင် ထိုကျောင်းသားအုပ်စုက နောက်မှ လိုက်ပါလာပြီး ထပ်အော်လိုက်ကြသေး၏။

"ဘယ်ညာ ဘယ် ညာ၊ ကောက်ရိုးခြေထောက်၊ မြက်ခြေထောက် ဘယ် ညာ ညာ ဘယ်"

ဒုတိယတစ်ကြိမ် ထပ်စနေသဖြင့် သစ်နေလည်း စိတ်ထဲတင်းသွားသည်။

ထို့ကြောင့် ထိုကျောင်းသားအုပ်စုရှိရာသို့ ခပ်သွက်သွက် လျှောက်သွားကာ . . .

"ဟေ့ကောင်တွေ . . . မင်းတို့ကလည်း တော်ရတော့လေကွာ၊ တော်ရုံတန်ရုံပဲ စပေါ့ကွ"

ထိုကျောင်းသားလေးယောက်စလုံး မျက်နှာတည်သွားကြသည်။ ကြည့်ရတာ သစ်နေထက် အတန်းကြီးမည်ထင်၏။

ထိုအုပ်စုထဲမှ ကျောင်းသားတစ်ယောက်က . . .

"ငါတို့ဟာ ငါတို့ ဘယ်လောက်စစပေါ့၊ မင်းနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ကွ"

သစ်နေက ခပ်တင်းတင်း ပြန်ဖြေလိုက်သည်။

ပထမပြောလိုက်သောကျောင်းသားကို နောက်ကျောင်းသားတစ်ယောက်က လှမ်းပြောလိုက်၏။

"ဟုတ်တယ်ကွ ... ဆိုင်တယ်။ ဟိုကောင်မလေးက ဒီကောင့်ညီမလေး"

ထိုသို့ပြောလိုက်တော့မှပဲ ပိုဆိုးသွားလေသည်။ ပထမပြောနေသည့်ကျောင်းသားက မျက်နှာစပ်ဖြဲဖြဲလုပ်ရင်း ...

"ဟေ ... တကယ်ကြီးလား။ ဒီကောင့်ညီမဆိုရင်လည်း ဒီကောင့်ကိုပဲ ယောက်ဖလို့ခေါ်ကြတာပေါ့ကွာ။ နော် ... ယောက်ဖ"

"ဟာ"

စိတ်ထဲ ထောင်းခနဲဖြစ်သွားရသည်။ သို့သော်လည်း ရန်ဖြစ်ဖူးသူတစ်ယောက်၍ ရုတ်တရက် ဘာပြန်ပြောကာ ဘာပြန်လုပ်ရမည်ကို သစ်နေမသိ။ မြင်နိုင်လျှင်တော့ ပြောနေသည့်ကောင်၏မျက်ခွက်ကို ဖြတ်ထိုးလိုက်ချင်သည်။

သစ်နေက ထိုသို့တွေးတုန်းပဲရှိသေး၏။ ထိုအချိန်ခဏမှာပဲ နီဇာ အနားသို့ ရုတ်တရက်ရောက်လာကာ ပြောနေသည့် ကျောင်းသား၏ မျက်ခွက်ကို လွယ်အိတ်ဖြင့် အသားကုန်လွှဲရိုက်ချလိုက်သည်။

"ဖုန်း!"

"အ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တည်းတင်မဟုတ်။ နီဇာက သုံးလေးချက် ဆက်တိုက်
လွှဲရိုက်လိုက်သဖြင့် အငိုက်မိသွားသော ထိုကျောင်းသား ခံလိုက်ရ
သစ်နေမှာလည်း နီဇာ့ကိုပဲ တစ်ပြန်ကြီး ဆွဲထားလိုက်ရသည်။

နောက်ဆုံးမှာတော့ ထိုကိစ္စကြောင့်ပဲ သစ်နေနှင့် နီဇာတို့
တစ်ဖက်၊ ထိုကျောင်းသားအုပ်စုက တစ်ဖက်ဖြင့် ကျောင်းအုပ်ကြီး ရုံး
ထဲတွင် မတ်တတ်ရပ်ရလေသည်။

ကျောင်းအုပ်ကြီးမေးတော့ သစ်နေကပဲ ဦးဆောင်ကာ အဖြ
အကြောင်းပြောပြလိုက်သည်။

"သား ညီမလေးကို သူတို့အရင်စတာပါ ဆရာကြီး။ အဲဒါ
သားသွားပြောတော့ သားကိုလည်း ယောက်ဖလို့ ထပ်ခေါ်ပါတယ်"

"ဟုတ်ပါတယ် ဆရာကြီး၊ အဲဒါကြောင့် သမီးလည်း ရိုက်လို
မိတာ"

ဆရာကြီး မျက်လုံးပြူးသွားသည်။ သစ်နေကိုလည်း ကြည့်
ပြီး ...

"ဟေ ... ညီမကိုစလို့ သားက လုပ်လိုက်တာ မဟုတ်ဘူးလာ

သစ်နေက ခေါင်းခါလိုက်ရင်း ...

"သားက လုပ်မလို့ စဉ်းစားနေတုန်းပဲ ရှိသေးတယ် နီဇာ
လက်ဦးသွားတာပါ ဆရာကြီး။ နို့မို့ဆို သားလည်း လုပ်မိမှာပါ"

"ဟေ ... တယ်စွာတဲ့မောင်နှမပါလား။ ကဲ ကဲ ... သူတို့
ကိုလည်း ဆရာကြီးဆုံးမလိုက်ပါ့မယ်။ ဒါပေမဲ့ ... သားရော သမီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆို ဘာဖြစ်ဖြစ် အဲလို လက်တုံ့မပြန်ရဘူးနော်။ ဆရာတွေ ဆရာမတွေရှိတာပဲ။ တိုင်လို့ရတယ်လေ၊ ဟုတ်ပြီလား”

သစ်နေရော နီဇာပါ ခေါင်းညိတ်ပြလိုက်သည်။ ဆရာကြီးက ဩဝါဒအနည်းငယ် ထပ်မြွက်ကြားပြီး ပြန်လွှတ်လိုက်ပါ၏။

ဆရာကြီးရုံးခန်းအပြင်ဘက်ရောက်တော့ နီဇာက . . .

“ကိုသစ်ပြောတာက အတည်လား”

ထိုစကားကြောင့် သစ်နေ အူတူတူလေးဖြစ်သွားရင်း . . .

“ဟင် . . . ဘာကိုပြောတာလဲ၊ ‘အတည်’ဆိုတာက”

“ခုနကပဲ ဆရာကြီးကို ကိုသစ်ပြောတယ်လေ။ နီဇာက လက်ဦးသွားလို့ မဟုတ်ရင် ကိုသစ်လုပ်မယ်ဆို”

သစ်နေက . . .

“အတည်ပေါ့ဟ၊ နောက်တစ်ခါ ဒါမျိုးဖြစ်ကြည့်ပါလား။ ငါ အရင်ဆော်ပစ်မှာ”

စကားအဆုံးမှာ နီဇာက လွင်လွင်လေးရယ်လိုက်ကာ. . .

“တကယ်ကြီးပေါ့၊ ခုနကပဲ ဆရာကြီးက မှာလိုက်တယ်နော်။ လက်တုံ့မပြန်ရဘူးတဲ့”

သစ်နေက ရင်အုပ်သေးသေးလေးကို ကော့ပြလိုက်ရင်း . . .

“အာ . . . မှာမှာပေါ့။ ငါကတော့ နင့်ကိုထိရင် မခံနိုင်ဘူး၊ ပြန်လုပ်မှာပဲ။ နင်က ငါ့ညီမလေ၊ ငါစောင့်ရှောက်ရမှာပေါ့ဟ”

သစ်နေ၏ စကားကြောင့် နီဇာ မျက်နှာလေးက ပြုံးယောင်သန်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ချက်ချင်းပဲ ကျေနပ်သွားသောမျက်နှာပေးလေးနှင့် ...

"အဲလိုဆို နိုဇာဆုတောင်းပြည့်တာပေါ့"

"ဟင် ... နင်က ဘယ်မှာ ဘာဆုတောင်းထားလို့လဲ"

နိုဇာကရယ်ရင်း ...

"ကိုသစ်ပဲ ကန်ထဲမှာ လှေလေးတွေ မျှောရင်း ဆုတောင်းဆို အဲဒီတုန်းက နိုဇာလည်း ကိုသစ် နိုဇာ့ကိုချစ်ပါစေလို့ ဆုတောင်းလိုက်တာ"

"ဟာ"

အံ့ဩစွာရေရွတ်ရင်းက တစ်ခါမှ မခံစားဖူးသေးသည့် ခံစား တစ်ခုကို သစ်နေ ခံစားလိုက်ရလေသည်။ နိုဇာ့အပေါ် ညီမအရင်းတ ယောက်လို ချစ်မိသွားပြီဟူ၍လည်း သစ်နေ ကိုယ့်ကိုယ်ကိုယ် ယုံကြည် လိုက်မိပါ၏။

ထိုအတွေးနှင့် နိုဇာ့ကိုကြည့်လိုက်တော့ နိုဇာက တောက်တော ပပလေး ပြုံးပြလာလေသည်။

ထိုသို့ဖြင့်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျောင်းသွားရန်အတွက် ကျောပိုးအိတ်လွယ်ကာ အခန်းထဲမှ သစ်နေ ထွက်လာခဲ့သည်။ နိုဇာ့အခန်းရှေ့ ဖြတ်အလျှောက်တွင် စောင်းငဲ့ ကြည့်လိုက်မိ၏။ အခန်းတံခါးက ပိတ်ထားသည်မို့ ထုံးစံအတိုင်း အောက်ထပ် ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပြီ ထင်ပါ၏။

အောက်ထပ်ရောက်တော့ ဧည့်ခန်းထဲတွင်လည်း နိုဇာ့ကို မတွေ့ ရသဖြင့် သစ်နေ မျက်မှောင်ကြုတ်လိုက်မိ၏။ အခန်းထဲက ထွက်မလာ သေးတာလားဟူ၍လည်း ထပ်တွေးလိုက်မိသည်။

သစ်နေကတော့ ထုံးစံအတိုင်း ကျောင်းမသွားခင် မေမေ့အခန်း ဆီသို့ အရင်သွားလိုက်သည်။ မေမေ့အခန်းထဲရောက်တော့မှ မေမေ့ခုတင် ဘေးတွင် နိုဇာ့ကို တွေ့လိုက်ရသဖြင့် အံ့သြသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်နေက ...

"နှင်က မေမေနားရောက်နေတာလား။ နှင့်ကို အခန်းထဲကတောင် ထွက်မလာသေးဘူးထင်နေတာ"

နီဇာက လှည့်ကြည့်ကာ မျက်စောင်းထိုးရင်း ...

"ကိုသစ်လို အိပ်ပုတ်ကြီးတယ်များထင်နေလို့လား။ နီဇာ အိပ်ရာက ထတာဖြင့် ကြာပြီ"

"အေးပါ ... နှင်က ဆရာမကြီးပါ"

ပြောရင်း သစ်နေက မေမေ့အနားသို့သွားကာ ထုံးစံအတိုင်း မေမေ့ ပါးကို နမ်းလိုက်ပါသည်။ မေမေ့မျက်နှာက ဒီနေ့မှ ပိုပြီးကြည်လင်ကာ သွေးရောင်လွှမ်းနေ၏။ မေမေ နေပြန်ကောင်းလာပြီ ထင်ပါသည်။

"မေမေ နေကောင်းတယ်နော်။ ဒီနေ့ မေမေ့ကိုကြည့်ရတာ ပို လန်းနေသလိုပဲ"

မေမေက အားရပါးရပြုံးလိုက်ရင်း ...

"ဟုတ်တယ် သားသားရဲ့၊ ဒီနေ့ မေမေနေရတာ တော်တော် ကောင်းနေတယ်။ ဒါနဲ့ နီဇာလေးကော ကျောင်းမှာအဆင်ပြေရဲ့လား"

နီဇာ မဖြေခင် သစ်နေက ဝင်ပြောလိုက်သည်။

"ဘာမပြေစရာရှိမှာလဲ မေမေရ ... သူ့အစ်ကို သားတစ်ယောက် လုံး ရှိတာပဲဥစ္စာ"

သစ်နေအပြောကြောင့် မေမေက ရယ်လိုက်ကာ ...

"ဟုတ်ပါပြီ သားသားရယ်၊ ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



နီဇာကတော့ ဘာမှဝင်မပြောဘဲ မျက်စောင်းသာလှမ်းထိုး၏။ ...တော်အားကိုးရတဲ့အစ်ကိုပဲဆိုသည့် ရွဲ့တဲ့တဲ့သဘောလေးလည်း ...င်သည်။

ခုတင်ဘေးရှိ စားပွဲပေါ်ကိုကြည့်လိုက်တော့ ခါတိုင်းလိုပဲ စက္ကူ ...လေးတွေကို တွေ့လိုက်ရသဖြင့် ...

"မေမေက လှေလေးတွေတောင် ချိုးထားပြီပဲ"

မေမေက ပြုံးရင်း ...

"အဲဒီလှေလေးတွေက မေမေချိုးထားတာ မဟုတ်ဘူး သားရဲ့"

"ဟင် ... ဒါဆို"

သစ်နေ၏ရေရွတ်သံအဆုံးမှာပဲ နီဇာက ဝင်ပြောလာသည်။

"အန်တီ့ဆီက ခေါက်နည်းသင်ပြီး နီဇာ ချိုးထားတာလေ။ အန်တီ ...တဲ့အခါ ကိုသစ်အတွက် နီဇာ ခေါက်ပေးလို့ရတာပေါ့"

"အန်တီက အားပါတယ် သမီးရယ်၊ အလုပ်မှမရှိတာကို"

"အာ ... အန်တီကလည်း သမီးချိုးပေးတော့ အန်တီသက်သာ ...ပေါ့"

"အေးပါကွယ် ... သမီးသဘောပါ"

မေမေ့စကားအဆုံးမှာ သစ်နေက ဝင်ပြောလိုက်သည်။

"နီဇာ ... နင် စက္ကူလှေခေါက်တတ်သွားပြီဆိုရင် ငါလိုချင်တဲ့ ...ါတိုင်း ခေါက်ပေးရမှာနော်"

"အင်းပါ ... ကိုသစ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်ကိုကြည့်ကာ ဒေါ်သစ်မြိုင်က ပြုံးလိုက်သည်။ ပြီး ...

"ကဲ ... သားနဲ့သမီး ကျောင်းသွားဖို့လုပ်တော့လေ"

"ဟုတ်ကဲ့ပါ မေမေ၊ လာ ... နိုဇာ"

နှစ်ယောက်သား မေမေ့အခန်းထဲမှထွက်လာခဲ့သည်။ ကျောင်းမသွားခင် ရေကန်ဆီ အရင်ပြေးကာ စက္ကူလှေလေးတွေ လွှတ်လိုက်သေးတ၏။

ထုံးစံအတိုင်း ဖေဖေက ကားနှင့် ကျောင်းလိုက်ပို့ပါသည်။ ခုနောက်ပိုင်းတော့ ကျောင်းမှာလည်း သစ်နေနှင့်နိုဇာတို့ကို ကျောင်းသားတွေ မစ မနောက်ကြတော့။ ဟိုတစ်ခါ ပြဿနာဖြစ်ပြီးကတည်းက ငြိမ်သွားကြခြင်း ဖြစ်သည်။

နေ့လယ်မုန့်စားကျောင်းဆင်းပြီး ပြန်တက်သည့်အချိန်မှာတော့ ဆရာတစ်ယောက်က သစ်နေတို့အတန်းသို့ ရောက်လာပြီး စာသင်နေသည့် ဆရာကို တိုးတိုးလာပြောသည်။ အတန်းဝင်နေသည့် ဆရာက သစ်နေကို လှမ်းကြည့်ကာ ...

"သစ်နေနဲ့နိုဇာတို့ မောင်နှမနှစ်ယောက်စလုံး စာအုပ်တွေ သိမ်းကြ၊ သားတို့အဖေ လာခေါ်နေတယ်"

ဘာကြောင့်မှန်းမသိသော်လည်း ဆရာပြောသည့်အတိုင်းပဲ စာအုပ်တွေကို သိမ်းဆည်းလိုက်သည်။ ကျောင်းဝင်းထဲမှ နှစ်ယောက်သား ထွက်ချိန်မှာ နိုဇာက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ် . . . ဦးက ဘာဖြစ်လို့လာခေါ်တာလည်း မသိဘူးနော်"

ခေါင်းခါရင်း သစ်နေက . . .

"ငါလည်း မသိဘူး။ မနက်တုန်းကလည်း ဖေဖေ ဘာမှမပြောသွားဘူး"

ကျောင်းရှေ့တွင် ကားရပ်ထားပြီး ဖေဖေက ကားပေါ်တွင် ထိုင်နေပါသည်။ သစ်နေနှင့်နိုဇာတို့လည်း ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ကြသည်။

ခါတိုင်းလိုပင် နှုတ်ဆက်စကားမဆိုဘဲ ဖေဖေ့က ကားမောင်းထွက်လိုက်ပါသည်။

ဖေဖေ့မျက်နှာက ထူးထူးခြားခြား တည်ငြိမ်နေသဖြင့် သစ်နေလည်း မမေးရဲ။

အိမ်ခြံဝင်းထဲတွင် ကားရပ်လိုက်တော့မှ ဖေဖေက လှည့်ကြည့်ကာပြီး . . .

"သားသား"

"ဗျာ . . . ဖေဖေ"

မပြောခင် သက်ပြင်းကို အရင်ချလိုက်သေးသည်။ ပြီးမှ တုန်ယင်နေသောအသံကို ထိန်းချုပ်ရင်း . . .

"သားသား . . . သားသားမေမေ မရှိတော့ဘူး"

"ဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သစ်နေ စိတ်ထဲတွင် တစ်ခုခုလွတ်ကျပြီး ကွဲအက်ကြေမွသွားသလို ခံစားလိုက်ရသည်။ ရင်ထဲမှ ဆို့ကျင်ပြီး ဝမ်းနည်းစိတ်တွေက လိပ်တက်လာ၏။

"ကိုသစ်"

သစ်နေ၏လက်ကို ဖွဖွကိုင်ရင်း နီဇာက ခေါ်လာခြင်းဖြစ်သည်။ သစ်နေက နီဇာ၏လက်ကို ဆတ်ခနဲဖယ်လိုက်ကာ ကားတံခါးကို တွန်းဖွင့်ရင်း အာခေါင်ခြစ်အော်လျက် အိမ်ထဲသို့ ပြေးဝင်သွားလိုက်လေသည်။

"မေမေ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မေမေ့ နာရေးရက်လည်ပြီးစီးသွားသော်လည်း သစ်နေ ကျောင်းပြန်မတက်ဖြစ်သေး။ ဖေဖေနှင့်ကြီးမေတို့ကလည်း ကျောင်းပြန်တက်ရန် မပြောသေးပါ။ တစ်ရက်,တစ်ရက် မေမေ့အခန်းထဲမှာပဲ ထိုင်နေဖြစ်သည်။ မေမေ့ကို သတိရတမ်းတစိတ်ဖြင့် မျက်ရည်တွေပဲ ကျနေမိ၏။

နိုဇာကလည်း စာနာစွာ သစ်နေအနားမှာ နေပေးရှာပါ၏။

"ကိုသစ် ဝမ်းနည်းသလောက် နိုဇာလည်း ဝမ်းနည်းပါတယ် ကိုသစ်ရယ်။ ဒီတစ်အိမ်လုံးမှာ နိုဇာနဲ့ ဆွေမျိုးတကယ်တော်တာဆိုလို့ ကိုသစ်နဲ့အန်တီပဲရှိတာလေ"

သစ်နေက ...

"မေမေမရှိလည်း နင် ဒီမှာ ဆက်နေလို့ရပါတယ်ဟာ။ နင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အားမငယ်ပါနဲ့၊ ငါ ရှိတာပဲဟာကို"

နီဇာက နွမ်းနွမ်းလေးပြုံးရင်း ...

"အင်းပါ ... ခုက နီဇာက ကိုသစ်ကိုအားပေးရမှာလေ။ အန်တီ မရှိတော့ပေမယ့် ကိုသစ်အနားမှာ နီဇာက အနီးဆုံးရှိနေသေးတာပဲဟာကို။ ကိုသစ်လည်း အားမငယ်နဲ့နော်"

သစ်နေ ခပ်ယဲ့ယဲ့ပြုံးပြလိုက်တော့ နီဇာက ဆက်ပြောလာသည်။

"'ဟိုလေ ကိုသစ်အတွက် စက္ကူလေ့လေးတွေကိုလည်း နီဇာပဲ ခေါက်ပေးမယ် သိလား"

ထိုစကားကြောင့် သစ်နေက ပြုံးရင်း နီဇာ့ခေါင်းလေးကို အသာ ပွတ်ပေးလိုက်မိသည်။

"အေးပါ နီဇာရယ်၊ ငါ့အနားမှာ နင်ရှိနေလို့လည်း ငါ နေလို့ ထိုင်လို့ရနေတာ။ မဟုတ်ရင် မလွယ်ဘူး"

ပြောရင်း နီဇာက သတိရဟန်ဖြင့် ...

"ဒါနဲ့ ကိုသစ် အိမ်ထဲကအိမ်ပြင် မထွက်တာကြာပြီနော်။ နီဇာတို့ အပြင်သွားကြမလား"

သစ်နေက မျက်ခုံးပင့်လိုက်ရင်း ...

"အပြင်ကို ဟုတ်လား၊ ဘယ်သွားမလို့လဲ"

"သွားနေကျနေရာပဲပေါ့ ကိုသစ်ရဲ့၊ လာလေ သွားရအောင်"

နီဇာ လက်ဆွဲပြီး ခေါ်သည့်နောက်မှ သစ်နေ လိုက်လာခဲ့သည်။ ထင်ထားသည့်အတိုင်း ရေကန်ဆီသို့ခေါ်သွားခြင်းဖြစ်သည်။ ရွှေတာနံ့စပ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြန်တော့လည်း မေမေ့ကို သတိရစိတ်ဖြင့် မျက်ရည်ဝဲမိပြန်သည်။ မေမေ နေပြန်ကောင်းလာဖို့အတွက် စက္ကူလှေကလေးတွေ လွှတ်ပြီး ဆုတောင်းလို့လည်း မဖြစ်နိုင်တော့ပြီ။

ရေကန်စပ်ရှိ တံတားပေါ်တွင် ရပ်ငေးနေချိန်မှာပဲ . . .

“ကိုသစ် လာလေ”

နိဇာခေါ်သံကြောင့် လှည့်ကြည့်လိုက်မိရင်း သစ်နေ အံ့သြသွားရသည်။ နိဇာက ရေကန်စပ်တွင် ချည်ထားသည့် လှေပေါ်တွင် တက်ထိုင်ကာ ခေါ်နေခြင်းဖြစ်သည်။

သစ်နေ မျက်လုံးပြူးသွားပြီး . . .

“ဟာ နိဇာ . . . လှေပေါ် ဘာတက်လုပ်တာလဲ။ ပြုတ်ကျမှဖြင့်”

ရယ်ကာ ခေါင်းခါရင်း နိဇာက . . .

“မကျပါဘူး ကိုသစ်ရဲ့။ လာပါ လှေပေါ်မှာထိုင်ရုံလေးပဲဟာကို”

အကြောက်အလန့်မရှိသော နိဇာ့ပုံစံလေးကို ကြည့်ရင်း သစ်နေ အသည်းယားသွားရသည်။ ထို့ကြောင့် လှေပေါ်သို့ အသာတက်လိုက်ပြီးမှ ချည်ထားသောကြိုးကို ဆွဲဖြုတ်လိုက်သည်။ သစ်နေ၏အပြုအမူကြောင့် လှေပေါ်တွင် ထိုင်နေဖို့လောက်ပဲ ရည်ရွယ်ထားပုံရသည့် နိဇာ လန့်သွားလေသည်။

“ဟဲ့ ကိုသစ် . . . အဲဒါ ဘာလုပ်တာလဲ”

“လှေစီးမလို့လေ၊ နင်ပဲ လှေစီးချင်လို့ လှေပေါ်တက်ထိုင်နေတာ မဟုတ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



နီဇာက အနည်းငယ် တုန်လှုပ်သွားသောပုံစံဖြင့် ခေါင်းခါလိုက်ရင်း...

"ဟင့်အင်း... နီဇာက လှေပေါ်မှာ ထိုင်နေရုံလေးပဲ ထိုင်ချင်တာ လှေစီးရမှာကြောက်တယ်"

"မကြောက်ပါနဲ့ဟာ၊ ငါတစ်ယောက်လုံး ရှိပါတယ်"

ပြောရင်း သစ်နေက လှေဝမ်းထဲမှ လှော်တက်ကိုယူကာ ကန်ထဲ အလယ်သို့သွားရန် လှော်ခတ်လိုက်သည်။

နီဇာက လှေနံနှစ်ဖက်ကို မြဲမြဲကိုင်ထားရင်း...

"ကိုသစ် ... ဖြည်းဖြည်းနော်၊ ဒါနဲ့ ကိုသစ်က ရေကူးတတ်ရဲ့ လား"

သစ်နေက ရယ်လိုက်ကာ...

"ရေကူတာများကွာ"

စကားကိုဖြတ်ထားလိုက်ပြီး နီဇာ့ကိုကြည့်ကာ ဆက်ပြောလိုက်သည်။

"မကူးတတ်ဘူး"

"ဟင် ကိုသစ် ... တကယ်ပြောတာလား။ အဲဒါဆိုရင် မစီးတော့ဘူးနော်၊ ကမ်းစပ်ကိုပြန်သွားတော့"

"မသွားဘူး ... စီးမှာပဲ။ ဒီလို ဒီလို စီးမှာ"

စပ်ဖြဲဖြဲလုပ်ရင်း လှေနံနှစ်ဖက်ကိုကိုင်ကာ ဘယ်ညာ လှုပ်လိုက်သေးသည်။ နီဇာ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အာ ကိုသစ် ... မလုပ်နဲ့နော်။ နိဗ္ဗာ ကြောက်တယ်၊ နိဗ္ဗာ ကြောက်တယ်"

နိဗ္ဗာ တကယ်ကြောက်နေမှန်းသိသဖြင့် သစ်နေလည်း လေ့ကို လှုပ်နေရာမှ ရပ်လိုက်ပြီး ကန်ထဲမှရေဖြင့် နိဗ္ဗာ့ကို လှမ်းပက်လိုက်သည်။

"ကောင်မလေးတစ်ယောက် တကယ်ကြောက်သွားတယ် ဟော့ ... ဟား ဟား"

သစ်နေ ပက်လိုက်သည့် ရေစက်ရေမှုန်တွေကို လက်ဖြင့်ကာရင်း နိဗ္ဗာက ...

"ဩော် ... ကိုသစ်က နှစ်ယောက်တည်း သကြံန်ကျချင်တယ် ပေါ့ ဟုတ်လား၊ ရတယ်လေ ကိုသစ်လည်း စိုပြီသာမှတ်"

ပြောရင်း ကန်ထဲမှရေကို လက်ခုပ်ဖြင့်ခပ်ကာ နိဗ္ဗာ ပြန်ပက်လေတော့၏။ နှစ်ယောက်သား အပြန်အလှန်ရေပက်လိုက်ကြရင်း ရေမှုန်ရေစက်တွေအောက်တွင် သစ်နေ စိတ်တွေ တဒင်္ဂအေးချမ်းသွားသလို ခံစားလိုက်ရသည်။

ရေကန်ကြီးကတော့ သူတို့မောင်နှမနှစ်ယောက်ကိုကြည့်ကာ သဘောကျဟန်ဖြင့် လှိုင်းကြက်ခွပ်လေးများ ထပြလိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# 7 Years Later

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကိုသစ်နဲ့နိုဇာတို့ ပထမဆုံးအကြိမ် ဒီလိုလှေစီးဖူးတာ ဘယ်တုန်း
လဲ မှတ်မိလား ကိုသစ်"

ရေကန်ထဲရွေ့လျားနေသည့် လှေထဲမှနေ၍ ရေပြင်ကို လက်ဖျား
းနဲ့ထိလိုက်ရင်း နိုဇာက မေးလိုက်ခြင်းဖြစ်သည်။ လှေကို ခပ်ဖြည်းဖြည်း
ခတ်ရင်းက သစ်နေ ပြုံးလိုက်မိ၏။

"သိပ်မှတ်မိတာပေါ့ နိုဇာရာ၊ မေမေဆုံးပြီးတော့ ငါ ပထမဆုံး
မ်ိ အပြင်ထွက်တဲ့နေ့မှာပဲလေ။ စိတ်ပြေလက်ပျောက်ဆိုပြီး နင်ပဲ ခေါ်
ခဲ့တာ"

"ကိုသစ်က တော်တော်မှတ်ဉာဏ်ကောင်းတာပဲ"

သစ်နေက ရယ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြှောက်ပေးတော့ ထပ်ကြွားချင်လာပြီပဲ။ အဲဒီထက် မှတ်မိတာ ရှိသေးတယ်။ သိချင်လား"

ထိုစကားကြောင့် နီဇာက မျက်ခုံးလေးပင့်ကာ လှမ်းကြည့်လာပြီး ...

"ဘာများလဲ ကိုသစ်၊ ပြောကြည့်လေ"

သစ်နေက ...

"နင့်ကို ပထမဆုံးအကြိမ် ဒီရေကန်ကိုခေါ်လာတဲ့နေ့ကလေ ငါက စက္ကူလှေလေးတွေ လွှတ်ပြီး ဆုတောင်းတော့ နင်လည်း ဆုတောင်းမယ် ဆိုပြီး လွှတ်တယ်။ အဲဒီတုန်းက နင် ဘာဆုတောင်းလဲဆိုတာတောင် ငါမှတ်မိတယ်"

နီဇာ မျက်မှောင်ကြုတ်မိသွားသည်။ တကယ်ဆို ထိုဖြစ်ရပ်တွေကို သူမ မေ့တော့တော့ပင် ဖြစ်နေပြီ။ ပြန်စဉ်းစားကြည့်လိုက်တော့လည်း မှုန်ဝါးဝါးဖြစ်နေသဖြင့် ...

"ဟင် ... ဟုတ်လား၊ အဲဒီတုန်းက နီဇာ ဘာဆုတောင်းခဲ့တာလဲ"

သစ်နေက ချက်ချင်းမပြောသေးဘဲ လှေကို တစ်ချက်နှစ်ချက် လှော်ခတ်လိုက်ပြီးမှ ...

"ငါက နင့်ကို ချစ်ပါစေဆိုပြီး နင် ဆုတောင်းခဲ့တာတဲ့"

"အာ"

နီဇာမျက်နှာလေးက ရှက်ရိပ်တို့ဖြင့် ကမိုကယိဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


သူတို့နှစ်ယောက်က မောင်နှမဖြစ်နေပေမယ့် တကယ်တမ်းစပ်ကြည့်လျှင် နှစ်ဝမ်းကွဲသာတော်စပ်သောအနေအထားဖြစ်သည်။ ပြီးတော့ အသက် ဆယ့်ရှစ်နှစ်ဆိုသောအရွယ်က သွေးဆူစိတ်လှုပ်ရှားတတ်နေပြီပဲ။ ထိုသို့ သောအခြေအနေမျိုးတွင် ချစ်တယ်ဆိုသည့်စကားလုံးက နိုဇာကို ရှက်စိတ် ဝင်သွားစေတာကတော့ အမှန်ပင်ဖြစ်သည်။

သစ်နေက နိုဇာရှက်သွားပုံကို သေသေချာချာကြည့်နေပြီးမှ နား လည်ဟန်ဖြင့် . . .

"ဟဲ့ နိုဇာ . . . နင့်ပုံစံက ဘာဖြစ်သွားတာလဲ"

နိုဇာက မလုံမလဲမျက်နှာပေးဖြင့် . . .

"ဘာမှမဖြစ်ပါဘူး၊ နိုဇာ ကိုယ့်ကိုယ်ကိုယ် အဲလိုပြောခဲ့လိမ့်မယ်လို့ ထင်ထားမိလို့ပါ"

သစ်နေက မျက်မှောင်ကြုတ်လိုက်ကာ . . .

"ဟင် . . . အဲဆိုတော့ ငါက နင့်ကို တမင်ပြောတာပေါ့ အဲလို ထား"

"အဲလိုသဘောမျိုးလည်း မဟုတ်သေးဘူးလေ ကိုသစ်ရာ ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောနဲ့၊ အဲဒီတုန်းက နင်ကလည်း မိဘတွေ ဆုံးပါး သွားလို့ တစ်ယောက်တည်း အားငယ်နေတဲ့အချိန်လေ။ အဲဒါကြောင့် ငါ အခေါ် အားကိုးစိတ်နဲ့ ချစ်စေချင်တာဖြစ်မှာပေါ့"

နိုဇာ သက်ပြင်း ကျိတ်ချလိုက်သည်။ မျက်နှာပေးလေးလည်း တည်


www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်ငြိမ် ပြန်ဖြစ်လာကာ ...

"အင်း ... ဟုတ်မယ် ကိုသစ်၊ အဲဒီတုန်းကလည်း ကလေး
တော့ ကိုသစ်ပြောသလို အားငယ်စိတ်နဲ့ ပြောမိတာဖြစ်မယ်"

ထိုစကားကြောင့် သစ်နေက ပိုပြီး မျက်မှောင်ကြုတ်လိုက်ရင်း
...

"ဩော် ... အဲဒီတုန်းက ကလေးစိတ်နဲ့ပြောခဲ့တာဆိုတော့ ခု
မှာ ငါ့ကို မချစ်စေချင်တော့ဘူးပေါ့ ဟုတ်လား"

ပြန်ကာတည်ငြိမ်လာသော နှိုဇာ့မျက်နှာလေးက နီစွေးစွေး ဖြစ်
သွားရပြန်သည်။ သစ်နေကိုပင် စေ့စေ့မကြည့်ရဲတော့ဘဲ တစ်ဖက်ကို ဖွဲ
ရင်း ...

"ဟာကွာ ... ကိုသစ်ကလည်း နှိုဇာပြောချင်တာက ...၊ မ
တော့ဘူးကွာ"

နှိုဇာဖြစ်နေသောပုံစံလေးကိုကြည့်ကာ သစ်နေ အသည်းယား
သွားသည်။ ထို့ကြောင့် ခပ်စူးစူးစိုက်ကြည့်လိုက်ကာ ...

"နင့်ဘက်က ဘယ်လိုသဘောထားလဲတော့မသိဘူး နှိုဇာ။ ငါ
ကတော့ နင့်ကို အဲဒီအချိန်တုန်းကပဲ ချစ်ခဲ့တာ။ ခုလည်း ချစ်နေတုန်းပဲ
နောင်လည်း ဆက်ချစ်နေမှာ သေချာတယ်"

ထိုစကားကြောင့် နှိုဇာက အလန့်တကြားကြည့်လာပြီး ...

"ကိုသစ် ... ဘယ်လိုစကားတွေလာပြောနေတာလဲ၊ နှိုဇာ့
ကိုသစ်က"



www.burmeseclassic.com

www.burmeseclassic.com



စကားပင်မဆုံးလိုက်ချေ။ ခံစားချက်အပြည့်ဖြင့် ပြောနေသည့် သူ့ရှေ့မျက်နှာထားက ချက်ချင်းပဲ စပ်ဖြီးဖြီးဖြစ်လာပြီး . . . တဟားဟား အော်ရယ်လိုက်တော့သည်။

"ဟား ဟား ဟား ဟား . . . ငါက နောက်နေတာပါ မိန်းဇာရယ်။ မင်း တကယ်ကြီးလန့်သွားတယ်ပေါ့ ဟုတ်လား"

ထိုအခါမှ သဘောပေါက်သွားဟန်ဖြင့် နိုဇာ မျက်နှာလေးက ရှုံ့တဲ့ပုတ်ဖြစ်လာရင်း . . .

"ဟာကွာ . . . ကိုသစ် တော်တော်ဆိုးတာပဲ။ နိုဇာ တကယ်ကြီး လန့်သွားတာ။ လုပ်ထားဦး ကိုသစ်။ ကိုယ့်အလှည့်ကျမှ မလန့်နဲ့နော်"

"အောင်မာ . . . ဘာလို့လန့်ရမှာလဲ။ နင်က ငါ့ကို ပြန်ကစားချင် တယ်ပေါ့၊ ကောင်းပြီလေ နိုဇာ။ Deal or Not Deal "

နိုဇာက ရယ်ကာ ချက်ချင်းပဲ . . .

"Deal ပဲ ကိုသစ် . . . ခိခိ"

ပြောပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက် ကြသည်။

ငယ်သံယောဇဉ်ကို အခြေခံထားသည့် သူတို့နှစ်ယောက်၏ကစားပွဲ လေးကို ကန်ရေပြင်ကြီးကလည်း စိတ်ဝင်စားနေမည် ထင်ပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မနက်ပိုင်း ကျောင်းသို့သွားရန် အိမ်အောက်ထပ်သို့ ဆင်းလာချိန်
သစ်နေကိုမတွေ့သဖြင့် နီဇာ မျက်မှောင်ကြုတ်မိသွားသည်။ ခါတိုင်းဆိုလျှင်
သစ်နေက ကျောင်းသွားရန်အတွက် ဆိုင်ကယ်ကို စစ်ဆေးပြီး စောင့်နေကျ
ခုလည်း အိမ်ရှေ့မှာလားဆိုပြီး ထွက်ကြည့်လိုက်သည်။ မတွေ့။ ဆိုင်ကယ်
ကိုသာ မနေ့က ရပ်ထားသည့်ပုံစံအတိုင်း တွေ့လိုက်ရသည်။

သူတို့နှစ်ယောက်စလုံးတက်သည့် တက္ကသိုလ်က အိမ်နှင့် အဝေး
ကြီးဝေးသဖြင့် ဆိုင်ကယ်နှင့်သွားရခြင်းဖြစ်သည်။ သစ်နေ၏အဖေကတော့
ကားရော၊ ဆိုင်ကယ်ပါ ပေးထားသည်။ နီဇာက ဆိုင်ကယ်နှင့်ဆိုလျှင်
အန္တရာယ်များသဖြင့် ကားနှင့် သွားချင်သော်လည်း သစ်နေအလိုကျ ဆိုင်
ကယ်နှင့်ပဲ သွားနေရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သစ်နေကိုမတွေ့သဖြင့် အနည်းငယ်စိတ်ပူသွားကာ အပေါ်ထပ်ရှိ သစ်နေအခန်းဆီသို့ တက်သွားလိုက်သည်။

အခန်းရှေ့ရောက်တော့ အခန်းတံခါးကို အရင်ခေါက်ကြည့်လိုက်၏။ အထဲမှ ဘာသံမှမကြားရသဖြင့် တံခါးကို အသာတွန်းကြည့်လိုက်ပြန်သည်။ စေ့ထားသောတံခါးက အသာဟသွား၏။ နိုဇာ ခေါင်းပြူကာ လှမ်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ အိပ်နေသေးသည့် သစ်နေကို တွေ့လိုက်ရသဖြင့် နှာခေါင်းရှုံ့လိုက်မိ၏။

"အိပ်ပုတ်ကြီး"

စုပွပွရေရွတ်ရင်း အခန်းထဲသို့ ဝင်သွားလိုက်သည်။ သစ်နေကို နှိုးရန် ခုတင်နားသို့ကပ်သွားလိုက်ပြီးမှ အခန်းထဲကို ဝေ့ကြည့်ရင်း စိတ်ပြောင်းသွားသည်။ အခန်းတစ်ခုလုံး ရှုပ်ပွနေသောကြောင့် ဖြစ်လေ၏။

တိုးလို့တွဲလောင်းဖြစ်နေသည့် အဝတ်အစားတွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် အရင်ခေါက်ပေးလိုက်သည်။ နံစော်နေသည့် အဝတ်အစားအချို့ကိုလည်း လျှော်မည့်အဝတ်တွေ ထည့်သည့်ခြင်းထဲသို့ ထည့်ပေးလိုက်၏။ အဝတ်အစားကိစ္စပြီးသွားတော့ စာရေးစားပွဲကို ထပ်ရှင်းပေးလိုက်သည်။ စာအုပ်တွေကို စနစ်တကျ ပြန်စီပေးရင်း စက္ကူလေ့လေးတစ်စင်းကို တွေ့သဖြင့် နိုဇာ ပြုံးမိသွား၏။

အခန်းတစ်ခုလုံး သပ်သပ်ရပ်ရပ်ဖြစ်သွားချိန်အထိ သစ်နေက အိပ်ရာမှ ထတော်မမူသေးချေ။ သူမ သန့်ရှင်းရေးလုပ်ပေးနေသည့်အသံတွေကိုပင် ကြား၍လားမသိ။ မှောက်လျက်သားကြီး အိပ်နေသေးသည့် သစ်နေကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ နီဇာ စိတ်တိုလာရသည်။

ထို့ကြောင့် အနားသို့သွားကာ ...

"ကိုသစ် ... ကိုသစ်"

ခေါ်ရင်း ပုခုံးစွန်းကို ကိုင်ကာ လှုပ်နှိုးလိုက်ချိန်မှာပဲ ...

"ဟင်"

နီဇာ လန့်ပြီး လက်ပြန်ရုတ်လိုက်မိသည်။ သစ်နေ၏အသားတွေက ခြစ်ခြစ်တောက်ပူနေ၍ ဖြစ်လေ၏။

"ဒုက္ခပါပဲ"

ဘယ်လိုက ဘယ်လိုဖြစ်ပြီး သစ်နေတစ်ယောက် ဖျားသွားသည် တော့မသိ။ အသားတွေကလည်း ပူခြစ်တောက်နေလေပြီ။ နီဇာလည်း ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။

"ကိုသစ် ... ကိုသစ်"

ထပ်ကာ လှုပ်နှိုးကြည့်လိုက်သည်။ အပူကြီးပြီး သတိတွေ ဘာတွေ လစ်နေမှာစိုးလို့လည်း ဖြစ်၏။ အတော်ကြာလှုပ်နှိုးတော့မှ သစ်နေက တအင်းအင်းညည်းလာပြီး ...

"ချမ်းတယ် ... ချမ်းတယ်"

ညည်းသံက အရင်ထွက်လာသည်။ နီဇာကလည်း ခြုံပေးရန် စောင် ရှာလိုက်သည်။ ခုတင်ပေါ်မှာလည်း စောင်ကမရှိ။ အနီးအနားမှာလည်း မတွေ့ချေ။

သစ်နေဆီမှ အသံဆက်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းတယ်၊ အရမ်းချမ်းနေလို့ တစ်ခုခုလုပ်ပေးပါ ... အား"

သစ်နေကိုကြည့်ရင်းက နှိုဇာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်လာသည်။ မထူးတော့ပါဘူးဟုတွေးကာ သစ်နေ၏ဘေးတွင် အသာထိုင်ရင်း ဖက်ထားပေးလိုက်ပါသည်။ တဆတ်ဆတ်တုန်နေသည့် သစ်နေ၏ခန္ဓာကိုယ်က အနည်းငယ်ငြိမ်သက်သွားသည်။ ဖက်ထားသောကြောင့် အနွေးဓာတ်ရသွားပြီ ထင်ပါ၏။

ထိုအချိန်မှာပဲ ...

"နှိုဇာ ... နင် ငါ့ကို ဘာဖြစ်လို့ လာဖက်နေတာလဲ"

ပီပီသသကြီးထွက်လာသည့် သစ်နေအသံကြောင့် နှိုဇာ လန့်ကာ ခန္ဓာကိုယ်ချင်းခွာရင်း ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်မိသည်။ သစ်နေကို အလန့်တကြားကြည့်လိုက်ချိန်မှာတော့ တဖြည်းဖြည်းချင်း လှည့်လာသည့် သစ်နေ၏စပ်ဖြီးဖြီးမျက်နှာကြီးကို တွေ့လိုက်ရလေသည်။ ဟင် ... ဒါဆို။

နှိုဇာ ချက်ချင်းပဲ သဘောပေါက်သွားသည်။

"ကိုသစ် ... တကယ်ဖျားနေတာမဟုတ်ဘူးမလား"

ထိုသို့ပြောလိုက်တော့မှ သစ်နေက လှဲနေရာမှ ထထိုင်လိုက်သည်။ ပြီး ... လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်တော့ ချိုင်းကြားတစ်ဖက်စီမှ ကြက်သွန်နီဥတစ်လုံးစီ ထွက်ကျလာလေသည်။

"ကိုသစ် ... ဒါ ... ဒါက"

သစ်နေက နှိုဇာကို လက်ညှိုးထိုးကာ အော်ရယ်လေတော့သည်။

"ဟား ဟား ... ကောင်မလေးတစ်ယောက်တော့ အညာခံပြီး



www.burmeseclassic.com

www.burmeseclassic.com



တကယ်စိတ်ပူသွားတယ်ပေါ့၊ လာတောင် ဖက်လိုက်သေး''

စကားအဆုံးမှာတော့ နီဇာ စိတ်တိုသွားရလေသည်။ ထို့ကြောင့် သစ်နေဆီသို့ ပြေးသွားလိုက်ကာ လက်နှင့် တဖုန်းဖုန်း ရိုက်လိုက်၏။

''သူများကို စိတ်ပူအောင်စတယ်ပေါ့၊ ဟုတ်လား။ စဦးဟယ် ... စဦး စဦး''

အဆက်မပြတ် လှမ်းရိုက်နေသော လက်တွေကို သစ်နေ မနည်း ရှောင်နေရသည်။ တစ်ချက်မှာတော့ သစ်နေက ခန္ဓာကိုယ်ကို ရှိုပြီး ရှောင် လိုက်သဖြင့် နီဇာလည်း အရှိန်လွန်ကာ သစ်နေကိုယ်ပေါ်သို့ လဲကျသွားသည်။

''အမေ့''

သစ်နေလည်း ယောင်ပြီး လှမ်းဖက်လိုက်သဖြင့် နီဇာ့ခန္ဓာကိုယ် လေးက သစ်နေရင်ခွင်ထဲ ဇွေ့ခနဲရောက်သွားလေတော့၏။

''ဟာ''

''အို''

အထိအတွေ့နှင့်အတူ နှစ်ယောက်သား၏မျက်နှာတွေက ထိလု အနေအထားဖြစ်သွားသည်။ တစ်ယောက်အသက်ရှုထုတ်လိုက်သော လေတွေက တစ်ယောက်မျက်နှာပေါ်သို့ပင် ကျနေသေးတော့၏။

မျက်နှာချင်း ထိလုဆဲဆဲ အနေအထားကနေ မခွာဖြစ်သေးဘဲ တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေမိကြသည်။ အခန်းတစ်ခုလုံး လည်း တိတ်ဆိတ်လျက်။ နှစ်ယောက်စလုံး၏အသက်ရှုသံမှအပ အခြား ဘာသံမှမရှိ။ ပျိုမြစ်သော သွေးသားတွေက မောင်နှမဆိုသည့်စည်းကို



www.burmeseclassic.com

www.burmeseclassic.com



ချော့လှုဆဲဆဲ။

ထိုသို့သော အခြေအနေတွင် ပထမဆုံး သတိဝင်လာသူက နိုဇာ။ ထိဝင်ဝင်လာချင်း သစ်နေ၏ခန္ဓာကိုယ်ပေါ်မှ အမြန်ထလိုက်မိသည်။ နာပေါ်မှာတော့ ရှက်သွေးကြောင့် နီစွေးစွေးအရောင်တွေ စွန်းထင်းနေဆဲ။

သစ်နေလည်း ခုတင်ပေါ်တွင် သေသေချာချာ ပြန်ထိုင်လိုက်သည်။ နောက် နိုဇာကို အားနာဟန်ဖြင့် ကြည့်ကာ စကားဆိုလိုက်ပါ၏။

"နို နိုဇာ ... ဆောရီးနော်။ ငါ ငါ အခွင့်အရေးယူသလို ဖြစ်သွားတယ်။ ငါ့စိတ်တွေ ဘာဖြစ်သွားလဲ မသိဘူး"

ကိုယ့်ကိုယ်ကိုယ် မှားတယ်ဟု ခံယူရင်း သစ်နေ တောင်းပန်လိုက်ခြင်းဖြစ်သည်။

သစ်နေကိုကြည့်နေသည့် နိုဇာ့မျက်နှာက မအောင့်အီးနိုင်တော့ သည့်ပုံစံဖြင့် တခွိခွိ ဖြစ်လာပြီး ...

"ခစ် ခစ် ... ကိုသစ်ထိသွားပြီဟေ့။ ဘယ်လိုလဲ။ စိတ်ထဲမှာ ရောပြီး ကြောက်သွားတယ်မလား။ ကိုသစ် ရှက်ပါတယ်၊ ကရော် ... ချော်"

နိုဇာ၏ပုံစံကြောင့် သစ်နေ ကြောင်အမ်းအမ်းနေမိပြီးမှ သဘော ပေါက်သွားသည်။

"ဟာ ဟာ နိုဇာ ... နင်က ငါ့ကို ပြန်ကစားတယ်ပေါ့ ဟုတ်လား"

နိုဇာက ပခုံးတွန့်ပြလိုက်ရင်း ...

"ဒါပဲလေ ... ကိုသစ်အလှည့်ရောက်လာဦးမယ်လို့ ကြိုပြော



www.burmeseclassic.com

www.burmeseclassic.com



ထားတာပဲ။ ဘယ်လိုလဲ ထိတယ်မလား ... ခစ် ခစ်"

"ဒီကောင်မလေးတော့ကွာ"

သစ်နေက တစ်ခုခုလုပ်မည့်ပုံစံနှင့် နီဇာရှိရာသို့ ထသွားလိုက်သည်။ နီဇာက ချက်ချင်းပဲ အခန်းထဲမှ ပြေးထွက်လိုက်ရင်း အခန်းဝအရောက်တွင် လှမ်းအော်သွားပါသေး၏။

"ကိုသစ် ... Deal or Not Deal"

"အေးပါ ... အေးပါ၊ တွေ့ဦးမယ် နင်တော့"

ပြန်ပြောလိုက်ပြီးမှ သစ်နေ ရယ်လိုက်မိသည်။ ရယ်နေရင်းပင် ထူးဆန်းသည့်စိတ်အာရုံတစ်ခု ဝင်ရောက်လာသဖြင့် အရယ်ရပ်ကာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်လိုက်မိ၏။

ငါ ငါ ရင်တွေခုန်နေပါလား။

ကိုယ့်ကိုယ်ကိုယ် အံ့သြမိရင်းကနေ ချက်ချင်းပဲ ပြန်ပြီး သတိပေးလိုက်သည်။

"သစ်နေ ... ကိုယ့်စိတ်ကိုယ်ထိန်းစမ်း၊ အဲဒါ မင်းညီမကွ"

အတန်ကြာငြိမ်နေလိုက်မှ သစ်နေ၏စိတ်တွေ ပုံမှန်အနေအထားသို့ ပြန်ရောက်သွားလေသည်။ သို့သော်လည်း ခုနတုန်းက တဒင်္ဂဖြစ်ပေါ်ခဲ့သော စိတ်မျိုး ပြန်ရောက်လာမှာကို ကြောက်နေမိပြန်သည်။

သစ်နေ လေပူကြီးကိုပဲ မှုတ်ထုတ်လိုက်မိပါ၏။ ရှေ့လျှောက် ဆင်ခြင်မှဖြစ်မည်ဆိုသည့်အသိကလည်း ဝင်လာပြီဖြစ်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဟန်ချက်မညီသော ရာသီဥတုကြောင့် နွေရာသီသည် နွေဆိုသော နာမည်ထက်ပင် ပို၍ ကြွပ်ရှပြင်းနေသည်။ နွေနှောင်းကာလသို့ ရောက်နေပြီဖြစ်သော်လည်း အပူဒဏ်က လျော့မလာသေး။ အိုဖုန်းလွှာကြီးလည်း ဘယ်လောက်တောင် ပေါက်ပြဲနေပြီလဲ မသိပါ။

ကျောင်းဝင်းထဲ ဆိုင်ကယ်ရပ်လိုက်ကာ ဆိုင်ကယ်စီးဦးထုပ် ချွတ်လိုက်တော့ အပူငွေ့တွေက ခေါင်းပေါ်မှ ဟိန်းခနဲထွက်သွားသည်။ အသက်ကို ဝဝရှူသွင်းရင်း ခေါင်းဘယ်ညာခါကာ အကြောလျှော့လိုက်တော့မှ နေသာထိုင်သာ ရှိသွား၏။ အတူလိုက်လာသည့် နိုဇာ့ကိုကြည့်လိုက်တော့လည်း အတော်လေး နွမ်းနေပုံပေါက်သဖြင့် . . .

"တော်တော်ပူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



နီဇာက မျက်နှာလေးမဲ့ကာ ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ် ကိုသစ်၊ တော်တော်ကြီးကိုပူတာ။ အဲဒါကြောင့် ကိုသစ်ကို ကားနဲ့လာဖို့ ပြောတာပေါ့။ ကားနဲ့ဆို အဲကွန်းဖွင့်ထားရင် တော်တော်သက်သာမယ်ထင်တယ်"

သစ်နေက တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"အေးလေ ... အဲဒါဆိုလည်း နောက်နေ့ကျရင် ကားနဲ့ပဲ လာကြတာပေါ့"

ထိုစကားကြောင့် နီဇာ အတော်အံ့ဩသွားရသည်။ ကျောင်းသို့ ကားနှင့်လာမည့်ကိစ္စကို ခဏခဏ ပြောဆိုတိုက်တွန်းခဲ့သော်လည်း သစ်နေက လက်မခံခဲ့။ အပြင်းအထန် ငြင်းခဲ့သည်ချည်းဖြစ်၏။ ခုတော့ နီဇာ ညည်းပြောလေးပြောလိုက်ရုံဖြင့် နောက်နေ့ ကားသုံးမည်တဲ့။ ပြောင်းလဲသွားသည့် ကိုသစ်ပုံစံကြောင့် နီဇာ အံ့ဩသွားရခြင်း ဖြစ်သည်။

အံ့ဩစိတ်နှင့်ပင် မေးလိုက်မိ၏။

"ကိုသစ် ... တကယ်ပြောနေတာလား။ အရင်တုန်းကတော့ ဆိုင်ကယ်မှဆိုင်ကယ်ပဲဆို။ ခု ဘယ်လိုဖြစ်တာလဲ။ အပူဒဏ်ကို လန့်လာပြီထင်တယ်"

သစ်နေက ရယ်ကျဲကျဲလုပ်ကာ ...

"ငါ့အနေနဲ့ကတော့ ဒီအပူဒဏ်လောက်ကို ခံနိုင်ပါတယ်ဟာ နင့်အတွက် စဉ်းစားပေးတာပါ"

"နီဇာ့အတွက် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြုတ်ရင်း မေးလိုက်သောနိဇာကို သစ်နေက ခေါင်း
ညိတ်ပြရင်း ...

"ဟုတ်တယ်လေ၊ နင်က မိန်းကလေးဆိုတော့ အသားအရေကို
ဂရုစိုက်သင့်တယ်လေ။ ဒီလိုနေပူထဲမှာ လေတိုက်ခံပြီး ကြာရှည်သွားရင်
နင့်အသားအရေ ပျက်စီးမှာစိုးလို့ပါ။ တော်ကြာ နင့်ကို ဘယ်သူမှ မကြိုက်
ဘဲနေဦးမယ်"

ထိုစကားကြောင့် နိဇာက မျက်စောင်းထိုးလိုက်ပြီး ...

"အမယ်လေး ကိုသစ်ရယ် ... နိဇာတို့က ခါချနေတယ် သိလား"

"ဘာလဲ ပုရွက်ဆိတ်တွေလား"

"အောင်မာ ... အတည်ပြောတာပါနော်။ ဒါပေမဲ့ ကြိုက်မယ့်
သူရှိလည်း နိဇာတို့က ဂရုမစိုက်ပါဘူး။ အေးဆေးပဲ၊ ပိုလို့တောင်
ကောင်းသေး"

"ဒါဆိုလည်း ဆိုင်ကယ်ပဲ ပြန်စီးတော့မလား"

ချက်ချင်းပင်ခေါင်းခါလိုက်ရင်း နိဇာက အမြန်ပြန်ဖြေလိုက်သည်။

"ဟင့်အင်း ... မစီးပါဘူး၊ ပြောရရင် အန္တရာယ်များလို့ ကိုသစ်
ကိုလည်း မစီးစေချင်ဘူး"

စိတ်ပူတယ်ပေါ့ဟု ပြောလိုက်မည်ကြံပြီးမှ စကားကိုထိန်းလိုက်
ရင်း ...

"ဟုတ်ပြီလေ၊ အဲဒါဆိုလည်း နောက်နေ့ကျရင် ငါတို့ကားနဲ့ပဲ
သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ နိဇာက ကလေးတစ်ယောက် ပျော်ရွှင်သွားပုံမျိုးနှင့် လက်ခုပ်တီးလိုက်ပြီး ...

"အေး ... အဲဒါကြောင့် ကိုသစ်ကို"

စကားက ဆက်ထွက်မလာဘဲ ရပ်သွားသည်။ အရင်ကဆိုလျှင်တော့ စသလို နောက်သလိုပုံစံနှင့် သစ်နေ မေးလိုက်ဦးမှာ သေချာသည်။ ခုတော့ မသိချင်ဟန်ပဲ ဆောင်နေလိုက်၏။ ပြီး ... ဘာပြောရမှန်းမသိဖြစ်သွားသဖြင့် ပြောမိပြောရာ ပြောလိုက်မိသည်။

"နိဇာ နှင့်ကို အတန်းထဲ လိုက်ပို့ရဦးမလား"

နိဇာက ရယ်လျက် ...

"သြော် ... ကိုသစ်ကလည်း ထူးထူးဆန်းဆန်း၊ ဘာလဲ သွားစရာမရှိလို့လား။ အားနေရင်လည်း လိုက်ပို့လေ"

ထိုစကားကြောင့် သစ်နေက ...

"သိပ်အားတယ်လို့လည်း မဟုတ်ပါဘူး။ သချ်ာမေဂျာကွင်းကြည်ဖြူနဲ့ ချိန်းထားတာ ရှိသေးတယ်။ ခုမှ သတိရတာ၊ သွားလိုက်ဦးမယ်သက်လား"

စကားကို ပြောင်ချော်ချော်ပြောလိုက်မိသည်။ ကြည်ဖြူက မျက်စောင်းထိုးရင်း ...

"အမယ်လေး သွားပါ ... သွားပါ၊ ကိုသစ်ကြွားတိုင်း ယုံမယ်မှတ်ထင်နေလို့လား။ သချ်ာက ကြည်ဖြူက နာမည်ကြီးနေ၁။ ရည်းစားထားမယ်ဆိုရင်တောင် သချ်ာကျောင်းသူဆိုတဲ့အတိုင်း တွက်ချက်ပြီးမှထားတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်နေက ...

"တွက်ပါစေပေါ့ဟာ ... ငါကလည်း အတွက်ခံနိုင်ပါတယ်"

နှာခေါင်းရှုံ့လိုက်ရင်း နီဇာက ထပ်ပြောလိုက်သည်။

"ဟုတ်မှလည်းလုပ်ပါ ကိုသစ်ရာ။ ကြည်ဖြူက ကျောင်းမှာ Hero (ဇာတ်ဆောင်) ဖြစ်တဲ့ကောင်တွေကိုပဲ စိတ်ဝင်စားတာတဲ့။ ကိုသစ်က ဘာလုပ်ပြနိုင်လို့လဲ"

သစ်နေက ပခုံးအသာတွန့်လိုက်ပြီး ...

"ရှိတာပေါ့ဟာ၊ ငါလည်း Hero ဖြစ်တယ်ဆိုတာ သူသိအောင် ပြမှာပါ။ အဲဒီအခါ နင်လည်း လိုက်ကြည့်ပေါ့"

"ပြီးရောလေ၊ Deal or Not Deal ပေါ့"

"ရတယ်လေ၊ ငါ့ဘက်က အေးအေးဆေးဆေးပဲ။ ဒါနဲ့ နီဇာ ... နင့်ကိုလည်း သီဟဆိုတဲ့ကောင် လိုက်ကြောင်နေတယ်ဆို၊ သတိထားနော် ... ငါ ဘာသံမှမကြားချင်ဘူး။ ဒါပဲ"

ပြောရင်း သစ်နေက ခပ်တည်တည်ပုံစံဖြင့် လှည့်ထွက်သွားလေသည်။ နီဇာလည်း သစ်နေ၏ကျောပြင်ကို လိုက်ကြည့်ရင်း စူပွပွလေး ပြောလိုက်ပါလေ၏။

"ဟွန်း ... သူကျတော့ လုပ်ချင်တာလုပ်ပြီး သူများကျတော့ သတိထားနေတဲ့။ အကျင့်ပုတ်ကြီး"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကိုသစ် ... နိုဇာကို ဘယ်ခေါ်နေတာလဲ။ ဒီနေ့ အရေးကြီးတဲ့ အတန်း တက်စရာရှိတယ်"

သစ်နေ၏နောက်မှ လိုက်လာရင်း နိုဇာက မေးလိုက်ခြင်းဖြစ်သည်။ သစ်နေ ခေါ်သွားတာကလည်း ဝေးဝေးလံလံတော့မဟုတ်။ ကျောင်းဝင်းထဲရှိ ကင်တင်းတစ်ခုမှနေ၍ တခြားကင်တင်းတစ်ခုရှိရာသို့ ခေါ်သွားခြင်းသာ ဖြစ်သည်။ ခုလည်း နိုဇာအမေးကြောင့် သစ်နေက ...

"လာမှာသာလာစမ်းပါဟာ၊ နင် ရင်သပ်ရှုမောဖြစ်စေရမှာပါ"

နိုဇာက မျက်ခုံး အတွန့်ချိုးလိုက်ရင်း ...

"ရင်သပ်ရှုမော ဟုတ်လား"

"ဆိုပါတော့၊ Hero တွေမှ သဘောကျတတ်စေ့ကြည်ဖြူး



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့မလို့လေ။ ငါ့ရဲ့အစွမ်းအစကို နင့်ကို မြင်စေချင်လို့”

“အာ … ဘာများလဲလို့”

“ဘာများလဲမလုပ်နဲ့လေ၊ နင်ပဲ Deal or Not Deal လို့ ပြောခဲ့ပြီးတော့၊ စိတ်မဝင်စားရင်လည်းပြန်လေ”

ထိုအခါမှ နီဇာက အနည်းငယ်စဉ်းစားကာ …

“အင်း … စိတ်တော့ဝင်စားပါတယ် ကိုသစ်ရဲ့။ အတန်းက အရေးကြီးပေမယ့်လည်း နည်းနည်းတော့ နောက်ကျလို့ရပါတယ်။ ကြည့်မယ်လေ”

“ပြီးရော”

ထိုအချိန်မှာပဲ နှစ်ယောက်သား ကင်တင်းရှေ့သို့ ရောက်လာပြီဖြစ်သည်။ သစ်နေက ကင်တင်းထဲလှမ်းကြည့်လိုက်ရင်း …

“ဟင် … ကြည်ဖြူလည်း မရှိပါလား၊ ပြောတော့ ဒီမှာရှိမယ်ဆိုး”

“ခိ ခိ … ကိုသစ်ကို အလေးထားတာနေမှာပေါ့”

နီဇာက ရယ်ရင်း လှောင်သလို ပြောလိုက်သည်။ သစ်နေက မည်တည်ဖြင့် …

“အသာနေစမ်းပါဟာ၊ အထဲမှာ သူ့သူငယ်ချင်းတွေရှိတယ်။ ငါ သွားမေးကြည့်လိုက်ဦးမယ်”

သစ်နေ ကင်တင်းထဲသို့ ဝင်သွားလိုက်သည်။ ကြည်ဖြူ၏သူငယ်ချင်းအချို့ဆီ စပ်စုကြည့်လိုက်တော့ ကြည်ဖြူ ခုပဲ စာသင်ခန်းရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီတဲ့လေ။ နောက်ကလိုက်သွားလျှင်လည်း မီနိုင်သေးကြောင်း ဒင်ဘို့
က ပြောလိုက်သေးသည်။

ထို့ကြောင့် သစ်နေလည်း ကင်တင်းထဲမှ ထွက်လာခဲ့ပြီး …

"နီဇာ … လာ သွားရအောင်"

"ပြန်တော့မလား ကိုသစ်"

"လာပါဆို"

ဒီတစ်ခါလည်း သစ်နေ၏နောက်မှ နီဇာ လိုက်ခဲ့ရပြန်သည်။
သစ်နေက မပြေးရုံတမယ် လျှောက်နေသဖြင့် နီဇာမှာ အမီလိုက်နေရသည်။

ကျောင်းဆောင်ထဲသို့ ဝင်သွားလိုက်ရင်း လှမ်းကြည့်လိုက်တော့
စာသင်ခန်းရှိရာသို့ ဖြည်းဖြည်းချင်းသွားနေသည့် ကြည်ဖြူကို ကော်ရစ်ဒါ
ပေါ်တွင် တွေ့လိုက်ရသည်။

သစ်နေက နီဇာကို ဆတ်ခနဲကြည့်လျက် …

"နီဇာ … နင် ဒီကလှမ်းကြည့်နေ၊ ငါ သွားလိုက်မယ်"

နီဇာ ဘာမှမပြောခင် သစ်နေ ပြေးထွက်သွားသည်။ နီဇာလည်း
သက်ပြင်းဖွဖွချရင်း လှမ်းကြည့်နေလိုက်၏။

"ကြည်ဖြူ … ကြည်ဖြူ ခဏ"

ခေါ်သံကြောင့် ကြည်ဖြူက ခြေလှမ်းရပ်ရင်း ဆတ်ခနဲ လှည့်ကြည့်
လာသည်။ သစ်နေက ကြည်ဖြူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်ရင်း
…

"ကိုယ် ကြည်ဖြူ့ကို လိုက်ရှာနေတာ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူက ပွင့်လင်းခေတ်ဆန်သော မိန်းကလေးပီပီ မျက်မှော င်ကြုတ်ရင်း ပြုံးစစဖြင့် ပြန်ပြောလာသည်။

"ကြည်ဖြူ့ကိုရှာနေတယ် ဟုတ်လား၊ ဘာပြောမလို့လဲ သစ်နေ"

သစ်နေက ခပ်တည်တည်ပုံစံလုပ်၍ . . .

"ကိုယ် ကြည်ဖြူအကြောင်းစုံစမ်းကြည့်တော့ ကြည်ဖြူက Hero တို့ အစွမ်းအစရှိတဲ့သူတွေမှ သဘောကျတာဆို ဟုတ်လား"

မျက်နှာတစ်ချက် တည်သွားပြီးမှ သွားဖြူဖြူလေးတွေ ပေါ်သည် အထိ ကြည်ဖြူက ရယ်လိုက်သည်။

"သစ်နေရယ် . . . Hero တွေဆိုရင် မိန်းကလေးတွေ သဘောကျ တတ်တာ သဘာဝပဲလေ"

သစ်နေက ဟန်ပါပါပခုံးတွန့်လိုက်ပြီးမှ . . .

"မိန်းကလေးတွေဆိုတာထက် ကြည်ဖြူတစ်ယောက်တည်းရဲ့ သဘောကို ကိုယ်သိချင်တာပါ၊ ပြောလေ"

ကြည်ဖြူ ရယ်ပြန်သည်။ ပြီးမှ မျက်လုံးလေးထောင့်ကပ်ကာ ငြိုးစားလိုက်ရင်း . . .

"အင်း . . . ကြည်ဖြူလည်း Hero တွေသဘောကျပါတယ်။ အဲ . . . super hero တွေဆိုရင် ပိုတောင်သဘောကျသေး။ ရုပ်ရှင်တွေဆိုရင် တည်း super man ကအစ၊ spider man အလယ်၊ ခု သိပ်မကြာ သေးခင်ကမှ နာမည်ကြီးနေတဲ့ Deatpool အထိ အကုန်ကြိုက်တယ်"

"အဲဆို သေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ"

"ဩော် ... အဲလိုဆိုရင် ကြည်ဖြူ ကိုယ့်ကိုလည်း သဘောကျ လိမ့်မယ်လို့ ပြောတာ"

"အာ ... ဘာဆိုင်လို့လဲ"

သစ်နေက ရယ်ကျဲကျဲလုပ်၍ ...

"ဆိုင်တာပေါ့ ခေးရဲ့ ခေး ခဏလောက်မျက်စိမှိတ်ပြီး ဟိုဘက် လှည့်နေလိုက်"

ထိုစကားကြောင့် ကြည်ဖြူက မျက်လုံးလေးအတွန့်ချိုးလိုက်ရင်း-

"ကောင်းပြီလေ"

ပြောရင်း ကြည်ဖြူက တစ်ဖက်လှည့်၍ မျက်လုံးမှိတ်ထားလိုက် သည်။

ခပ်လှမ်းလှမ်းကကြည့်နေသည့် နိုဇာကလည်း စကားသံတွေ မကြားရပေမယ့် သစ်နေ ဘာလုပ်မည်ဆိုတာ စိတ်ဝင်စားနေမိသည်။

ထိုအချိန်မှာပဲ သစ်နေက လွယ်ထားသည့် ကျောပိုးအိတ်ကို ချွတ်ကာ ထိုကျောပိုးအိတ်ထဲမှ အသင့်ယူလာသည့် အတွင်းခံဘောင်းဘီကို ထုတ်၍ ဂျင်းဘောင်းဘီပေါ်မှ ထပ်ဝတ်လိုက်သည်။ (အတွင်းခံဘောင်းဘီ ပေါ်တွင် အမေရိကန်အလံပုံတောင်ပါသေး၏)။

ကျကျနနဝတ်ပြီးသည်နှင့် သစ်နေက ...

"ကြည်ဖြူ ရပြီ၊ မင်းရဲ့ super hero ကို လှည့်ကြည့်လိုက်တော့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သစ်နေကို လှည့်ကြည့်လိုက်ရင်း ကြည်ဖြူ မျက်လုံးဝိုင်းသွား သည်။ အထစ်ထစ်အငေါ့ငေါ့လေးသံဖြင့် ...

"သစ် ... သစ်နေ ဒါက ဘာကြီးလဲ"

သစ်နေက ခန္ဓာကိုယ်ကိုပင် တစ်ပတ်လှည့်ပြလိုက်လျက် ...

"Super Hero လေ ကြည်ဖြူရဲ့။ သိတယ်မလား၊ Super hero ကောင်တော်များများက အတွင်းခံဘောင်းဘီကို အပြင်မှာ ထုတ်ဝတ်တတ်ကြ တယ်လေ။ ဒီတော့ ကိုယ်လည်း super hero တစ်ယောက်ပါ ခေး"

ပြောင်စပ်စပ်လေးပြောနေသည့် သစ်နေကိုကြည့်ကာ ကြည်ဖြူ အောင့်နိုင်ဘဲ ရယ်မိတော့သည်။

"သစ်နေ ... ရှင်ဟာလေ တော်တော်နောက်တဲ့သူပဲ။ ရယ်ရ တယ်သိလား"

သစ်နေက မျက်နှာထားကို လေးလေးနက်နက်ပုံစံ ပြန်လုပ်လိုက် ပြီး ...

"ကိုယ်စိတ်ဝင်စားတဲ့ ကောင်မလေးကို ပျော်စေ ရယ်စေချင်တာ ဟာ ကောင်လေးတွေရဲ့သဘာဝပါ ကြည်ဖြူ"

ကြည်ဖြူမျက်နှာလေးက ရယ်နေရာမှ မသိမသာလေး တည်သွား သည်။ ပြီး သစ်နေကို ပြန်စိုက်ကြည့်ရင်း ...

"ခုတော့ အတန်းတက်စရာရှိသေးတယ် သစ်နေရဲ့။ မနက်ဖြန် ကျရင်တော့ ကြည်ဖြူထိုင်နေကျ ကင်တင်းကိုလာခဲ့လေ။ Super hero ကြီးကို ကော်ဖီတိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ . . . ကြည်ဖြူ ကိုယ် ကြိုရောက်နေမှာပါ"

ကြည်ဖြူ လှည့်ထွက်သွားတော့မှ Yes ဟု အော်ရင်း နို...
ရပ်ကျန်နေခဲ့သည့်နေရာသို့ မာန်တက်စွာ လှမ်းကြည့်လိုက်သည်။ နို...
ထိုနေရာတွင် မရှိတော့။

သစ်နေ မျက်မှောင်ကြုတ်မိသွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

နီဇာ ဘာဖြစ်သွားတာလဲဟုတွေးရင်း စာသင်ခန်းဆီသို့ သစ်နေ လိုက်သွားမိသည်။ သို့သော်လည်း စာသင်ခန်းထိမရောက်လိုက်၊ ကျောင်းပေါ်မှ ပြန်ဆင်းလာသည့် နီဇာနှင့် လှေကားမှာပဲ ဆုံ၏။

သစ်နေက ...

"နီဇာ နင် ငါ့ကိုမစောင့်ဘဲ ဘာလို့ထွက်သွားတာလဲ"

နီဇာက မျက်နှာသေလေးနှင့် ...

"နီဇာ ခေါင်းကိုက်လို့ပါ"

"ဟင် ... ဖျားနေတာလား"

ပြောရင်း နဖူးကို စမ်းရန် လက်ရွယ်လိုက်သော်လည်း နီဇာက အစမ်းမခံချင်ဟန်ဖြင့် နောက်သို့ဆုတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နိဇာ အိမ်ပြန်တော့မယ် ကိုသစ်၊ ကားပဲ ငှားသွားလိုက်မယ်"

ပြောပြီး နိဇာ ထွက်သွားလေသည်။ သစ်နေမှာပဲ နားမလည် နိုင်စွာ ခေါင်းကုတ်၍ ကျန်ခဲ့ရ၏။

နိဇာ ဘာဖြစ်တာလဲ။ ငါနဲ့ကြည်ဖြူတို့ ရယ်ရယ်မောမောနေတာ ကိုပဲ စိတ်ထဲတစ်မျိုးဖြစ်သွားတာလား။ ဟာ ... အဲလိုမတွေးသင့်ဘူး။

မတွေးသင့်ဘူးဟု စိတ်ထဲက ရေရွတ်ရင်းပင် တွေးနေမိပြန်သည်။ တစ်ရက်လုံးလည်း စာသင်တာကို စိတ်မဝင်စားနိုင်ဘဲ ထိုကိစ္စကို တအုံ့နွေး နွေးနှင့်။

ညနေကျောင်းမှ အိမ်ပြန်ရောက်တော့လည်း စိတ်ထဲ ဒွိဟဖြေ ဖြစ်ရင်း နိဇာကိုမေးရန် ရှာမိသည်။ အိမ်မှာလည်း ရှာမတွေ့သဖြင့် ကြီးမေ မေးကြည့်လိုက်၏။

"ကြီးမေ ... နိဇာတစ်ယောက်ကော အိမ်ပြန်လာတယ်မလား"

ကြီးမေက ...

"နေ့လယ်ကပဲ ပြန်ရောက်တယ်လေ။ ဒီကောင်မလေး ဘာဖြစ် လာလည်းမသိဘူး မျက်နှာလည်းမကောင်းဘူး"

"ခု ဘယ်မှာလဲ ကြီးမေ၊ အိမ်ပေါ်ထပ်မှာလည်း မရှိဘူး"

"အိမ်ပေါ်မှာမရှိရင် ရေကန်ဘက် ထွက်သွားတာနေမှာပေါ့"

ငါ ဘာလို့ အဲလိုမတွေးမိပါလိမ့်ဟု အပြစ်တင်ရင်း ရေကန်ဆီသို့ သစ်နေလိုက်သွားမိသည်။ ကြီးမေပြောတာမှန်ပါသည်။ ရေကန်စပ်ရှိ တံတားအစွန်းနားတွင်ထိုင်ကာ စက္ကူလှေလေးတွေ လွှတ်နေသည့် နိဇာကို



www.burmeseclassic.com

www.burmeseclassic.com



ေ႐ႊ့လိုက္ရေလသည္။ တံတားေပၚ ခပ္ဖြဖြနင္းေလွ်ာက္ရင္း သစ္ေန ႏွင့္အနားတိုးသြားလိုက္သည္။

"ႏိုဇာ"

မတိုးမက်ယ္ေလသံျဖင့္ အသံျပဳလိုက္ေတာ့ ႏိုဇာ ဆတ္ခနဲျဖစ္ သြားသည္။ သို႔ေသာ္လည္း သစ္ေနကို လွည့္မၾကည့္ဘဲ စကားဆိုလာ၏။

"စကၠဴေလွေလးေတြလႊတ္ၿပီး ဆုေတာင္းရင္ ဆုေတာင္းျပည့္တယ္ ဆိုလို႔ေလ"

သစ္ေနရင္ထဲတြင္ အမ်ိဳးအမည္ ေဖာ္ျပရန္ခက္ေသာ ေဝဒနာ တစ္ခုက ခ်က္ခ်င္းျဖစ္ထြန္းသြားသည္။ ႏိုဇာ့အနားမွာ ထိုင္လိုက္ေတာ့ သူစိမ္းမဆန္သည့္ ႏိုဇာ့ကိုယ္သင္းနံ႔က စိတ္ကိုလႈပ္ရွားေစျပန္၏။ ခက္ လိုက္တာ။

သစ္ေန အားယူကာေျပာလိုက္သည္။

"ႏိုဇာ ... နင္ ဒီေန႔ ဘာျဖစ္သြားတာလဲ၊ ငါ့ကို မညာနဲ႔ေနာ္၊ နင္ ပံုမွန္ေတာ့မဟုတ္ဘူး"

အၾကည့္ေငြ႕ေငြ႕က သစ္ေနဆီ ေရာက္လာသည္။ အၾကည့္ထဲမွာ အေရာင္ေတြ။ အေျဖမထုတ္ရဲေသးသည့္ပုစၦာတစ္ပုဒ္ကို အခ်ိန္ဆြဲၿပီး ေတြက္ေနသူလို သစ္ေန ခံစားေနရ၏။

ႏိုဇာက ေလွ်ာ့ရဲရဲေလးၿပံဳးရင္း ...

"မိန္းကေလးေတြကို မေမးသင့္တဲ့ေမးခြန္းေတြ ကိုသစ္ သိလား"

သစ္ေန ပင့္သက္သာရွိဳက္လိုက္မိေတာ့၏။ စည္းေဖာက္ရွိေနသည့္



www.burmeseclassic.com

www.burmeseclassic.com



ကြားက သံယောဇဉ်တွေက အစွန်းထွက်နေလေပြီ။ စိတ်ထိန်းထားသည့်ကြားက ပြောမိသွားလေ၏။

"ဆောရီးပဲ နိုဇာ . . . ငါ တခြားမိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တာကို နင် ခံစားရလိမ့်မယ်လို့ မထင်လို့ပါ။ ငါ . . . ငါလေ"

စကားပင်မဆုံးလိုက်ချေ ခံစားချက်အပြည့်ဖြင့် ပြောနေသည့် သစ်နေ၏မျက်နှာကိုကြည့်ကာ နိုဇာ တခွိုးခွိုးရယ်ချလိုက်ရင်း . . .

"ဟား ဟား . . . ကိုသစ် မျောသွားပြီဟော့၊ အရမ်းခံစားသွားတယ်ပေါ့ ဟုတ်လား၊ ဟီး ဟီး . . . ပျော်လိုက်တာ"

"ဟာ"

ထိုအခါမှ သစ်နေ သဘောပေါက်ရင်း ရှက်အမ်းအမ်းဖြစ် ၏သွားရလေသည်။

"ဩော် နိုဇာ . . . နင်က ငါ့ကို ကလဲ့စားချေတယ်ပေါ့။ ဟုတ်လား တွေ့မယ်၊ ခွေးမလေး"

သစ်နေ ကြိမ်းလိုက်သည်နှင့် နိုဇာလည်း သဘောပေါက်စွာ ထမြေးလေတော့သည်။

နှစ်ယောက်သား ကန်ပေါင်ပေါ်တွင် ပြေးတမ်းလိုက်တမ်း ဆော့နေကြသလို ရေကန်ထဲမှာလည်း စက္ကူလှေလေးတွေက ရွှေ့ကာ စီးကာ။

ရေကန်ကြီးအတွက်တော့ အမှတ်တရခြေရာတွေ၊ ပုံရိပ်တွေ၊ စကားလုံးတွေကို ရုပ်ရှင်တစ်ကားကဲ့သို့ ဆက်စပ်ခံစားနေရုံမတတ်ပါ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကျောင်းဝင်းထဲမှာပဲ သွားရင်းလာရင်းကနေ ပိုက်ဆံအိတ်က ယ်နားထွက်ကျသွားသည်မသိ။ ကင်တင်းမှာ ကော်ဖီသောက်ပြီးမှ ရာပိုက်ဆံမရှိတော့သဖြင့် နိုဇာဆီ ပိုက်ဆံယူရန် ထွက်လာခဲ့သည်။

နိုဇာက ကျောင်းလွှတ်ချိန်မှလွဲ၍ အပြင်သိပ်မသွားတတ်သူမို့ ဖုန်း ဆက်တော့ဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း သစ်နေ၏ ထင်နှင့်အမြင်က လွဲသွားသည်။ နိုဇာတစ်ယောက် သူ့မေဂျာစာသင် ထဲတွင် ရှိမနေပါ။

သစ်နေစိတ်ထဲ တစ်မျိုးဖြစ်သွားရရင်း ချက်ချင်းပဲ ဖုန်းဆက်ကြည့် သည်။ ဖုန်းက ဆက်သွယ်မှုပြင်ပဟု ပြောနေသဖြင့် စိတ်ပူသွားရ သည်။ သို့နှင့် နိုဇာနှင့်နီးစပ်သည့် သူငယ်ချင်းအချို့ထံသွားကာ



www.burmeseclassic.com

www.burmeseclassic.com



စပ်စုကြည့်လိုက်တော့ ပိုဆိုးလေတော့၏။ နိုဇာသည် သီဟ၏ကား
ကျောင်းအပြင်သို့ ပါသွားသည်တဲ့လေ။

ထိုသတင်းကို ကြားလိုက်ရရချင်း သစ်နေ မျောက်မီးခဲကိုင်မိသူ
ဖြစ်သွားရ၏။ စိတ်လည်း အတော်ကြီး ပူသွားသည်။ သီဟဆိုတဲ့ကောင်
ပိုက်ဆံရှိ၊ ရုပ်ဖြောင့်သလောက် ပွေရှုပ်သူဖြစ်သည်။ နိုဇာကို လိုက်နေသည်
ဟု ကြားမိသော်လည်း နိုဇာ့အနေဖြင့် လက်ခံမည်မဟုတ်ဟု သစ်နေ ထင်
ထားသောကြောင့် စိတ်မပူခဲ့ခြင်းဖြစ်၏။ ခုတော့ လုံးဝစိတ်ပူရမည့်အ
အထား ဖြစ်လာပြီ။

ချက်ချင်းပဲ သီဟနှင့်နိုဇာတို့ ဘယ်သွားကြတာလဲဆိုတာ အ
စုံစမ်းကြည့်သည်။ ထင်ကြေးပေးကြသောသတင်းတွေက အမျိုးမျိုး
တက်လာ၏။ ထိုသတင်းတွေအများကြီးထဲကမှ အပြင်ကပြန်လာသည့်
ကျောင်းသားတစ်ယောက်၏သတင်းက နီးစပ်သည်။

"သီဟရဲ့ကား မြို့စွန်က ပန်းခြံထဲ ဝင်သွားတာ တွေ့လိုက်တာ"

"ဟင်"

ပန်းခြံဆိုတာက ဒီမြို့မှာ တစ်ခုတည်းပဲရှိသော အပန်းဖြေသည့်
နေရာဖြစ်သည်။ အတွဲတွေလည်း သွားကြသည့်နေရာပေါ့။

တိကျသောသတင်းရရချင်း ကားပင် ပါကင်ထိုးထားသည့်နေရာ
သွားမယူနိုင်တော့ဘဲ သတင်းပေးသည့်ကျောင်းသား၏ဆိုင်ကယ်ကို ငှား
ပန်းခြံဆီသို့ အမြန်လိုက်သွားလိုက်၏။

အမုန်တရားကို ဝန်ခံရလျှင် သစ်နေ စိတ်လှုပ်ရှားနေမိသည်။ နို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုထိခိုက်ပွန်းပဲ့သွားမှာကို စိုးရိမ်နေမိတာမျိုးလည်း ဖြစ်နိုင်၏။ ထို့ထက် ပို၍ နီဇာ့ကို ဘယ်ကောင်နှင့်မှ တွဲမမြင်လိုတာလည်း ဖြစ်နိုင်ပါသေး၏။ စိတ်ပူစိုးရိမ်ရသောအကြောင်းပြချက်တွေက များနေပြီ။

ပန်းခြံထဲ ပတ်ကာရှာလိုက်တော့ သီဟ၏ကားကို တစ်နေရာမှာ တွေ့လိုက်ရပါသည်။ သစ်နေလည်း ဆိုင်ကယ်ကိုရပ်ကာ ကားရှိရာသို့ အမြန် လျှောက်သွားလိုက်၏။ ကားနားရောက်တော့ စိတ်လှုပ်ရှားစွာဖြင့် ကားထဲသို့ ချောင်းကြည့်လိုက်သည်။ ကားထဲတွင် ဘာမှမတွေ့သဖြင့် သက်ပြင်း နည်းနည်းတော့ကျသွား၏။ စိတ်ပူမှုကတော့ မပျောက်သေး။

ကားပဲတွေ့ရပြီး လူတွေက ပျောက်နေသေးသည်။ ပန်းခြံအကျယ် ကြီးထဲ ဘယ်နေရာမှာ သွားရှာရမည်ကို မသိသေး။

သစ်နေလည်း ဘာလုပ်ရမှန်းမသိဘဲ သီဟ၏ကားကိုသာ ဒေါသ တကြီးဖြင့် တဗုန်းဗုန်းရိုက်လိုက်မိသည်။

ထိုအချိန်မှာပဲ ...

"ဟော့ကောင် ... ငါ့ကားကို ဘာဖြစ်လို့ လုပ်နေတာလဲ"

အသံကြောင့် ဆတ်ခနဲကြည့်လိုက်မိသည်။ သီဟနှင့်အတူ နီဇာကို ပါ တွေ့လိုက်ရ၏။ နီဇာမျက်နှာပျက်သွားပုံကလည်း အထင်းသား။

သစ်နေက မေးခွန်းကိုမဖြေဘဲ သီဟဆီသို့ လျှောက်သွားလိုက်ကာ ရင်ဘတ်မှအင်္ကျီစကို ဆတ်ခနဲ ဆွဲလိုက်ရင်း ...

"ဟော့ကောင် ... မင်း ငါ့ညီမကို ဘာဖြစ်လို့ ခေါ်သွားတာလဲ"

"ကိုသစ်"



www.burmeseclassic.com

www.burmeseclassic.com



နီဖာ စိတ်ပူစွာခေါ်လိုက်သောအသံ ဖြစ်သည်။ သစ်နေက ဂရု မစိုက်ဘဲ သီဟာကိုပဲ ထပ်မေးလိုက်သည်။

"ပြောကောင်း ဖြေလေကွာ"

သီဟာက ကြောက်လန့်ဟန်မရှိသော မျက်နှာထားတည်တည်နှင့် ပြန်ပြောလာ၏။

"သစ်နေ ... မင်း ငါ့အင်္ကျီစကို လွှတ်လိုက်နော်။ ငါတို့ ဒီကို ဘာလို့ရောက်နေလဲဆိုတာ မင်း နီဖာကို အရင်မေးသင့်တယ်"

"ကိုသစ် ... နီဖာ ရှင်းပြပါ့မယ်"

သစ်နေက နီဖာ့ကို ခပ်စူးစူးကြည့်လိုက်သည်။ ပြီး ... သီဟာ၏ အင်္ကျီစကိုလွှတ်ကာ နီဖာ့လက်ကို ခပ်ကြမ်းကြမ်းဆွဲရင်း ထိုနေရာမှ ထွက်လာခဲ့၏။

ခပ်လှမ်းလှမ်းရောက်တော့ နီဖာက လက်ကို ဆောင့်ရုန်းလိုက် ရင်း ...

"ကိုသစ် ... ဘယ်လိုဖြစ်နေတာလဲ အတင်းကြီးပဲ"

သစ်နေက တိုနေသောစိတ်ဖြင့် ...

"ဘာကွ ... မင်း ဘယ်လိုပြောလိုက်တာလဲ နီဖာ။ နင့်ကို ကြိုး နေတဲ့ကောင်တစ်ကောင်နဲ့ နင် အတူရှိနေတာကို ငါက အေးဆေးဖြစ်နေ ရမှာလား"

နီဖာက ခနဲ့တဲ့တဲ့ပုံစံလေးနှင့် ...

"ကိုသစ် ... စကားကို ထိန်းပြောလေ။ ကိုသစ်စိတ်ပူသွား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပန်တယ်။ ဒါပေမဲ့ ... နို့ဇာတို့က ဆိတ်ကွယ်ရာမှာ ချိန်းတွေ့တာလည်း မဟုတ်ဘူး။ လူမြင်ကွင်းမှာပဲ"

"တော်တော့ နို့ဇာ၊ နင်နဲ့ အဲကောင် အတူရှိနေတာကို နို့ဇာတို့ ပိုတဲ့စကားမျိုး လာမသုံးနဲ့ နားခါးတယ်"

နို့ဇာက စိတ်ရှုပ်သွားသောပုံစံဖြင့် ...

"ကိုသစ် ... ကိုသစ်စကားတွေက ညီမတစ်ယောက်အပေါ် ...ကိုတစ်ယောက် စိတ်ပူတာထက် ဘောင်ကျော်နေပြီနော်"

"ကျော်တယ်ကွာ ... ကျော်တယ်။ အဲတော့ ဘာဖြစ်လဲ။ နင် ...ပ်ထိန်းမှုအောက်မှာနေရင် ငါ့စကားနားထောင်ရမှာပဲ နို့ဇာ"

စကားအဆုံးမှာ နို့ဇာက ဆက်မပြောချင်တော့သည့်ပုံစံနှင့် ...

"တော်ပြီ ကိုသစ်၊ ဒီလောက်ဒေါသထွက်နေရင် ကိုသစ်နဲ့ ဆက်ပြောချင်တော့ဘူး။ နို့ဇာ ပြန်တော့မယ်"

"နို့ဇာ"

"ကိုသစ် ... လိုက်မလာနဲ့နော်။ နို့ဇာဘာသာပဲ ပြန်မယ်။ လိုက်...ရင် ပိုဆိုးသွားလိမ့်မယ်"

ပြောပြီး နို့ဇာ လှည့်ထွက်သွားလေသည်။ လိုက်သွားမည်ပြုပြီးမှ ...နေလည်း ခြေလှမ်းကို ရပ်ထားလိုက်၏။

ကိုယ့်လုပ်ရပ်တွေ မှားလား၊ မှန်လား သစ်နေမသိချင်တော့။ စိတ် ...ရှာပဲ လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်မိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နိုဇာက ပြန်တော့မည်ဟုသာ ပြောသွားသည်။ အိမ်ကိုပြ
သွားလား၊ ကျောင်းပဲပြန်သွားလားမသိ။ သစ်နေကတော့ ကျောင်းသို့
ပြန်ခဲ့လိုက်သည်။ ငှားလာသည့်ဆိုင်ကယ်ကိုလည်း ပြန်ပေးရဦးမည်လေ

ကျောင်းရောက်တော့လည်း စိတ်တိုနေသေးသဖြင့် နိုဇာ့အခန်း
ဘက်ဆီ သွားမကြည့်ဖြစ်။ သို့သော်လည်း ညနေကျောင်းဆင်းချိန်ရောက်
တော့ စိတ်က အတော်ပြေနေလေပြီ။ ထို့ကြောင့် အိမ်ပြန်ရန်အတွက်
ခါတိုင်းလိုပင် ကားရပ်ထားသည့်နေရာ၌ နိုဇာကို စောင့်နေလိုက်သည်။

သို့သော်လည်း ကျောင်းလွတ်၍ လူရှင်းသွားချိန်အထိ နိုဇာ
ရောက်မလာချေ။ စောင့်နေသော သစ်နေကို နိုဇာသူငယ်ချင်း ကောင်မလေး
တွေက မြင်သွားပြီး လာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ်နေ . . . နီဇာ့ကိုစောင့်နေတာလား။ နေ့လယ်က ထွက်သွားပြီးကတည်းက နီဇာ ကျောင်းကိုပြန်မလာဘူးလေ"

ထိုအခါမှ သစ်နေလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားရပြီး . . .

"ဩော် . . . ဟုတ်လား။ နီဇာကလည်း ပြန်မယ်ဆိုရင် ဖုန်းဆက်တာမဟုတ်ဘူး။ ကျေးဇူးပဲနော်"

ထိုကောင်မလေးက ပြုံးရင်း ခေါင်းညိတ်ကာ . . .

"ရပါတယ်ရှင့် . . . နီဇာကလည်း ကိုသစ်နေကို တော်တော်ချစ်ပုံပဲနော်"

"ဗျာ . . . ဘာဖြစ်လို့လဲ"

ကောင်မလေးတွေက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသေးသည်။ ပြီးမှ တစ်ယောက်က . . .

"ဘာဖြစ်ရမှာလဲ။ သမီးတို့က သူငယ်ချင်းအချင်းချင်း ယောက်မခေါ်နောက်တာကို နီဇာက မကြိုက်ဘူးလေ။ သူ့အစ်ကိုကို ဘယ်သူမှမပေးဘူးဆို ပြောတာ . . . ခစ် ခစ်"

ပြောရင်း ကောင်မလေးတွေက ရယ်ကြပြန်သည်။ ရှက်စိတ်ကြောင့် မျက်နှာထူပူသွားသည့်ကြားက သစ်နေ ကျေနပ်သွားရသည်။ ထိုကောင်မလေးတွေကို နှုတ်ဆက်ပြီး အိမ်ပဲပြန်ခဲ့လိုက်၏။

အိမ်ပြန်ရောက်တော့လည်း ကြီးမေ ဆီးပြောသည့်စကားကြောင့် အံ့ဩရပြန်သည်။

"သားသား . . . နီဇာနဲ့ ဘာဖြစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘာဖြစ်လို့လဲ ကြီးမေ"

ကြီးမေက ခေါင်းခါရင်း ...

"မသိဘူးလေ၊ နိုဇာလေးက သူ့သူငယ်ချင်းအဆောင်မှာ နေတော့မယ်ဆိုလား။ အဝတ်အစားတွေပါ ယူသွားလို့"

"ဗျာ"

သစ်နေ့စိတ်ထဲ ထူပူသွားရ၏။ သူ့အုပ်ထိန်းမှုအောက်မှာနေ သူ့စကား နားထောင်ရမယ်ဆိုသည့်စကားကိုပဲ နိုဇာ စိတ်ဆိုးသွားသည် လားမသိ။ ကိုယ့်ဘက်ကလည်း စိတ်ပူစိုးရိမ်ပြီး တော်တော်လေး ပြင်း ပြင်းထန်ထန် ပြောလိုက်မိသည်ကိုး။

မည်သို့ပင်ဖြစ်စေ။

နိုဇာ အိမ်ကထွက်သွားပြီဆိုသည့်အသိက သစ်နေ့ကို ရင်ပူသွား စေသည်။ သူ့ကိုယ်သူသိသည်။ နိုဇာ သူ့အနားမှာမရှိပါက ဘယ် ထိ နေလို့ရမည်မဟုတ်။ ခုလို ခဏလေး ထွက်သွားတာတောင် ထိုင်မရ ထ ဖြစ်နေပြီ။ နိုဇာသာ သူ့ဘဝထဲက ထွက်သွားရင် ...။ ထိုအတွေးကို သ နေ ဆက်မတွေးရဲတော့။ ကြီးမေကိုပြောပြီး ကားနှင့်ထွက်ခဲ့လိုက်သည်

"ကြီးမေ ... သား နိုဇာကို သွားပြန်ခေါ်လိုက်ဦးမယ်။ ဒီကိစ္စ ဖေဖေ မသိစေနဲ့နော်။ တော်ကြာ ဆူနေဦးမယ်"

"အေး အေး ... ဒီကလေးတွေနဲ့တော့ ခက်တာပဲ"

တဖျစ်တောက်တောက်ပြောရင်း ကြီးမေ ကျန်ခဲ့၏။ ကြီးမေ သည် သူနှင့်နိုဇာတို့၏သံယောဇဉ်ကို သာမန်ပုံစံနှင့်တော့ နားလည်ပါ်ပိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိရာသို့ သစ်နေ ကားပြန်မောင်းလာခဲ့သည်။ ကျောင်းနှင့် မလှမ်းမကမ်းရပ်ကွက်ထဲတွင် ကျောင်းသားကျောင်းသူများ ငှားရမ်းနေထိုင်ကြသည့် အဆောင်တွေ ရှိနေသောကြောင့် ဖြစ်၏။

မိန်းကလေးအဆောင်တွေက သိပ်များများစားစားမရှိလှသဖြင့် သိပ်တော့ မစုံစမ်းလိုက်ရပါ။ နာရီဝက်လောက်လိုက်ရှာလိုက်တော့ နီဇာ ဘယ်အဆောင်မှာရှိနေသည်ကို သိလိုက်ရ၏။

သစ်နေလည်း ထိုအဆောင်သို့သွားကာ အဆောင်မှူးကို ပြောပြလိုက်သည်။

"ကျွန်တော့်ညီမ ဒီအဆောင်မှာရောက်နေတယ်ဆိုလို့ လာခေါ်တာပါ"

အဆောင်မှူး အန်တီကြီးက ...

"ညနေကမှရောက်လာတဲ့ နီဇာကိုပြောတာထင်တယ်။ သူက ဒီမှာနေဖို့ အခန်းလိုချင်တယ် ပြောသေးတယ်။ အန်တီတို့အဆောင်မှာလည်း အခန်းလွတ်က မရှိတော့ဘူးလေ"

"ကောင်းပါတယ်ဗျ"

"ဟော ... ဘာကောင်းတာတုံးကွဲ့"

သစ်နေက ရယ်ပြလိုက်ရင်း ...

"သြော် ... အဆောင်မှာ လူပြည့်နေတော့ အန်တီတို့အတွက် ဝင်ငွေကောင်းတာပေါ့လို့ ဆိုလိုတာပါ"

ထိုအခါမှ အန်တီကြီး ဘဝင်ကျသွားပုံပေါ်သည်။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



လျှာရှည်နေသေး၏။

"ပိုက်ဆံရတိုင်း ကောင်းတယ်မထင်နဲ့ သားရေ။ ဒီခေတ်ကောင်မလေးကို ထိန်းရတာက လွယ်တာမဟုတ်ဘူး။ တစ်ယောက်တစ်ပေါက်နဲ့"

သစ်နေ ခေါင်းပဲ ကုတ်မိတော့၏။ တစ်ယောက်တစ်ပေါက် မဟုတ်လို့ ဘယ်နှစ်ပေါက်ပါလို့လဲဟု ပြန်မေးလိုက်ရင်တော့ မကောင်းဖြစ်ရွေမည်။

ထို့ကြောင့် ကိုယ့်ကိစ္စကိုပဲ ထပ်ပြောလိုက်ပါ၏။

"အန်တီ ... ကျွန်တော် နိုဇာနဲ့တွေ့ချင်လို့လေ။ အဲဒါလေး"

အန်တီကြီးက ချက်ချင်းပဲ ခေါင်းခါသည်။

"မရဘူး သား။ နိုဇာက သူ့ဆီ ဘယ်သူလာလာ မတွေ့ချင်ဘူးလို့ မှာထားတယ်"

"ဗျာ"

သစ်နေ သဘောပေါက်လိုက်ပြီ။ ဒါသည် သူလာမှာစိုးသဖြင့် တမင်ကြိုပြောထားခြင်းပဲဖြစ်မည်။ ထို့ကြောင့် ဘာလုပ်ရမည်ကို ထပ်စဉ်းစားလိုက်ရင်း ...

"အန်တီ ... ကျွန်တော်က ယောကျ်ားလေးနော်"

"ဟဲ့ ... ငါမြင်တယ်လေ။ အကောင်လိုက်ကြီးကို"

"ဟုတ်ပြီ ... အဲဆိုတော့ ကျွန်တော်သာ အင်အားသုံးပြီး အဆောင်ထဲဝင်ရှာရင် ကျွန်တော့်ကို ဘယ်သူမှ တားနိုင်မှာမဟုတ်ဘူးခင်ဗျ။ ဒီတော့ အန်တီကပဲ နိုဇာကို ခေါ်ပေးမလား၊ ကျွန်တော်ကပဲ အဆောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝင်ရှာရမလား ပြော”

“ဟင့်”

“ကျွန်တော် အတည်ပြောနေတာနော်၊ နောက်ကိစ္စ နောက်မှ ပြောမယ်”

သစ်နေက တစ်ကယ်လုပ်မည့်ပုံစံမျိုး ဟန်ပြင်လိုက်သဖြင့် အန့်တီကြီး မျက်လုံးပြူးသွားသည်။

ထိုအချိန်မှာပဲ ...

“ကိုသစ် ... ဘာလို့စိတ်ထဲရှိတာတွေ လျှောက်လုပ်နေတာလဲ”

ရုတ်တရက်ကြားလိုက်ရသည့် နိုဇာ့အသံလေးက ရင်ကို အတော်အသင့် အေးမြသွားစေသည်။ လှမ်းကြည့်လိုက်တော့ နိုဇာနှင့်သူ့သူငယ်ချင်းမ တစ်ယောက်ကို တွေ့လိုက်ရ၏။

သစ်နေက ခပ်တည်တည်မျက်နှာပေးဖြင့် ...

“အိမ်ပြန်လိုက်ခဲ့ နိုဇာ၊ ငါ နင့်ကို လာခေါ်တာ”

နိုဇာက မဲ့ပြုံးလေးပြုံးလိုက်ရင်း ...

“နိုဇာ ပြန်မလိုက်နိုင်ဘူး ကိုသစ်၊ ခုက ကိုသစ်စကားကို နားထောင်ဆောင် ကိုသစ်ရဲ့အုပ်ထိန်းမှုအောက်မှာလည်း မဟုတ်ဘူး။ နိုဇာ့ဘာသာ နေတော့မယ်”

နင်နေချင်လည်း အဆောင်က ရမှာမဟုတ်ဘူးဟု ပြောလိုက်မည် ပြီးမှ ပေါ့ပျက်ပျက်ဖြစ်နေမှာစိုးသဖြင့် ...

“ဩော် ... နင်က ငါစိတ်ပူပြီးပြောလိုက်တဲ့စကားကို ခံစားပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးသွားတာကို။ ဒီမှာ နီဇာ . . . ငါပြောပြမယ်၊ နင်နဲ့ငါနဲ့က ဘယ်တုန်းက ခွဲပြီးနေဖူးလို့လဲ။ ခုလို နင်နေနိုင်တယ်ဆိုတာတောင် ငါ မယုံချင်ဘူး ငါတော့ နင်ရှိတဲ့နေရာမှာပဲ နေနိုင်တယ် နီဇာ။ နင်လည်း ကိုယ့်ကိုယ်ကိုယ် မညာနဲ့"

စကားဆုံးတော့ နီဇာ ဘာမှပြန်မပြောနိုင်သေးဘဲ စူးစူးလေးမြ ကြည့်နေသည်။ သက်ပြင်း ကျိတ်ချလိုက်သည်ကိုလည်း သစ်နေက မြင် ဖြစ်အောင်မြင်လိုက်သေး၏။ သို့သော်လည်း နီဇာက ခပ်တည်တည် လေးနှင့်ပင် . . .

"ညာစရာလည်းမလိုပါဘူး ကိုသစ်။ မွေးကတည်းက တစ် ယောက်တည်း မွေးလာတာလေ၊ တစ်ယောက်တည်း နေတတ်အောင် ကြိုးစားရမှာပဲ"

သစ်နေ စိတ်ထဲက ကြိတ်ပြုံးလိုက်မိ၏။ ပြီး . . . နီဇာ့စိတ် တန်းရောက်စေမည့်စကားကို ရွေးပြောလိုက်၏။

"နင်ပြောတာက မှန်သင့်သလောက်တော့ မှန်ပါတယ် နီဇာ။ ဒါပေမဲ့ တစ်ယောက်တည်းနေဖို့ ကြိုးစားတယ်ဆိုတာက အထီးကျန်တဲ့သူတွေ လူ့အသိုင်းအဝိုင်းက လက်မခံတော့တဲ့သူတွေ၊ အာ . . . အဲဒါတွေ ကြီးကျယ်ပါသေးတယ်။ ကိုယ့်ကိုချစ်တဲ့သူတွေ အနားမှာမရှိတဲ့သူတွေက တစ်ယောက်တည်းနေဖို့ ကြိုးစားသင့်တာ။ နင့်မှာက နင့်ကိုချစ်တဲ့သူ တစ်ယောက်မှ မရှိတော့ဘူးလား။ အဲလိုသတ်မှတ်ထားလိုက်ရင်တော့ တစ် ယောက်တည်းနေပေါ့ နီဇာ၊ ငါသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သစ်နေ လှည့်ထွက်လိုက်သည်။ မျှော်လင့်ထားသည့်အတိုင်းပင်။

"ကိုသစ်"

သစ်နေ ခြေလှမ်းရပ်ထားလိုက်သည်။ လှည့်တော့မကြည့်သေး။ စကားအသံလေးက ဆက်ထွက်လာ၏။

"ကြီးမေနဲ့အန်ကယ့်ကို ပြောပေးပါ ကိုသစ်။ ဒီတစ်ညတော့ အလုပ်စရာရှိလို့ သူငယ်ချင်းအဆောင်မှာပဲ အိပ်တော့မယ်လို့"

သစ်နေ ဘာမှပြန်မပြောဘဲ ဆက်လျှောက်လာခဲ့လိုက်၏။ လှည့်ကြည့်ပေမယ့် သစ်နေ ကျေနပ်စွာပြုံးလိုက်သည်ကိုတော့ နှိုဇာလည်း မြင်သွားပြီး သိပါလိမ့်မည်။

သူတို့နှစ်ယောက်ကြားမှ ကြိုးတွေက တစ်ချက်လောက်တင်းရုံမျှဖြင့် ပြတ်သွားနိုင်သည်မှ မဟုတ်တာဘဲလေ။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

အိပ်မပျော်နိုင်သည့် တစ်ညတော့ လွန်မြောက်ခဲ့ပါပြီ။ ညက တစ်ရေးမှမအိပ်ခဲ့ရသော်လည်း သစ်နေ ကျောင်းသို့ စောစောရောက်နေ[illegible] နို့ဇာအခန်းဆီ သွားကြည့်ချင်သည့်စိတ်ကိုလည်း မနည်းထိန်းထားရ[illegible] အကဲပိုနေသလို ဖြစ်နေဦးမည်ပဲ။

ဒီနေ့အဖို့ ညနေကျောင်းဆင်းချိန်အထိ အချိန်တွေက ကြာလွန်းလှ သည်ဟု ထင်နေမိသည်။

စာသင်ရတာလည်း စိတ်မပါလှသည်မို့ သင်နေသောဆရာကိုပင် အားနာမိသေး၏။

ကျောင်းဆင်းတော့ ရပ်ထားသည့်ကားနားမှာပဲ အရင်နေ့တွေလို စောင့်နေလိုက်သည်။ ကျောင်းဆင်း၍ ကျောင်းသူကျောင်းသားတွေ တဖွဲဖွဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်နေကြသော်လည်း နိဗ္ဗာက ရောက်မလာသေး။ နိဗ္ဗာ့အခန်းဆီသို့ လိုက်သွားရင်ကောင်းမလားဟု စဉ်းစားမိသေးသည်။

သို့သော်လည်း စိတ်ထဲမှ တစ်စုံတစ်ခုက တားဆီးနေသလို ခံစားမိပြန်သည်။

ငါသွားရင် သူလာနေတာနဲ့ လွဲနေဦးမယ်ဟုတွေးရင်း ကားထဲမှာပဲ ထိုင်စောင့်နေလိုက်၏။

သီချင်းတစ်ပုဒ်ဖွင့်ထားရင် နေသာထိုင်သာရှိမှာပဲ ဟူသော အတွေးဖြင့် သီချင်းဖွင့်ကာ နားထောင်နေလိုက်သည်။

♬ မင်းအချစ်များနဲ့ ငါ့အချစ်များ ××× ဘယ်လမ်းက ဆက်သွယ်မလဲ ××× လမ်း လမ်းပျောက်တဲ့ နေ့ရက်များ ♬

ရှေ့ခ်စတားကြီး ကိုလေးဖြူ၏လမ်းသီချင်းက ရင်ကိုထိရှစေသည်။ သမ်းတွေလမ်းတွေ လောကထဲက လမ်းငွေ့ပေါ့။

အချိန်မည်မျှကြာသွားပြီမသိ။ လေပြည်အေးနှင့်အတူ ညနေသည် င် အသက်ဝင်လာလေပြီ။

ထိုအချိန်မှာပဲ . . .

စက္ကူလှေလေးတစ်စီးက ကားထဲသို့ ခုန်ပေါက်၍ ဝင်လာသည်။ ထိုစက္ကူလှေလေး သယ်ဆောင်လာသည့်ရနံ့။ ကြားလိုက်ရသောစကားသံ ဘိုးတိုးလေးကလည်း စိတ်ကို ငြိမ်းအေးသွားစေသည်။

"နောက်ကျသွားတာ ဆောရီးပဲ ကိုသစ်၊ သူငယ်ချင်းတွေက အတင်းမုန့်ကျွေးခိုင်းနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း နီဇာ ကားပေါ်တက်ထိုင်လိုက်တော့ သစ်နေ ကားစက်နှိုးလိုက်သည်။ ဘာစကားမှ ပြန်မပြောဘဲ ကားမောင်းထွက်လိုက်၏။

ကားမောင်းရင်း ရှေ့ကိုသာ တည့်တည့်ကြည့်နေသော်လည်း သူ့ကို နီဇာ ခဏခဏ ငဲ့စောင်းကြည့်နေမှန်း သစ်နေ သိနေပါသည်။ သို့သော် နီဇာကလည်း ဘာမှထပ်မပြော။

ကားလေးက အရှိန်ဖြင့် ပြေးလွှားနေသည်။ ကားပေါ်မှ လူနှစ်ဦးကတော့ တိတ်ဆိတ်နေဆဲ။ ဘယ်သူက ဘာစကားကို အရင်ပြောမှာလဲ။ ဒါမှမဟုတ် စကားပြောဖို့ပဲ အားယူနေကြတာလား။ တစ်ယောက်၏စိတ်ကို တစ်ယောက်မြင်နိုင်သော လူနှစ်ယောက်စလုံး ငြိမ်ဆိတ်နေကြသေးသည်။

ထိုတိတ်ဆိတ်မှုကိုပင် ...

"ငါ့ကို စိတ်ဆိုးနေသေးတာလား နီဇာ"

"ကိုသစ် ... နီဇာ့ကို စိတ်ဆိုးနေတာလား"

တကယ်တမ်းပြောလိုက်ကြတော့လည်း အံ့သြဖွယ် ...။ နှစ်ယောက်စလုံး၏နှုတ်ဖျားမှပြိုင်တူ။ ပြီးတော့ အဓိပ္ပာယ်ချင်း တူညီသည့် စကားနှစ်ခွန်း။

ရုတ်တရက်ပဲ သစ်နေက ကားကို လမ်းဘေးထိုးရပ်လိုက်သည်။ သစ်နေနှင့်နီဇာတို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ဆတ်ခနဲ ပြိုင်တူကြည့်လိုက်မိကြ၏။ ပြီး ... တိုင်ပင်မထားပါဘဲ ပြိုင်တူပင် အားရပါးရ ရယ်မောလိုက်ကြလေသည်။

"Deal or Not Deal နီဇာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုသစ် Deal or Not Deal"

ကားလေး ပြန်မောင်းထွက်သွားချိန်အထိ ရယ်သံတွေက လမ်းပေါ်တွင် လွင့်စဉ်ကျဲပြန့်ကျန်နေဆဲ။

လမ်း ဘယ်မှာရှာတွေ့ရမယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ခုတင်ပေါ် လှူးလိမ့်ကာ အိပ်မပျော်နိုင်ဖြစ်နေချိန်မှာပဲ ဖုန်းက အသံ မြည်လာသည်။ Message ဝင်လာသည့် ringtone ဖြစ်၏။ သစ်နေ ဖုန်း လှမ်းယူကာ ဖွင့်ကြည့်လိုက်တော့ . . .

"အဲဒီနေ့က ယတြာတစ်ခုချေချင်လို့ ပန်းခြံထဲသွားတာ။ ပြီးတော့ သူစိမ်းယောက်ျားလေးကိုခေါ်သွားရမယ်ဆိုလို့ သီဟကို ခေါ်သွားတာ . . . ကိုသစ်"

ဖတ်ရင်း ပြုံးလိုက်မိသည်။ စဉ်းစားကြည့်လျှင်တော့ နှိဇာ့ဘက် က ရှင်းပြသည့် message ဖြစ်သည်။ သစ်နေ စာပြန်ရိုက်ရန် စဉ်းစားနေ မှာပဲ . . .

"ကိုသစ် . . . နှိဇာ့ message တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ဟု ပြန်ရိုက်ရန် ဟန်ပြင်လိုက်ပြီးမှ စဉ်းစားမိသဖြင့် မရိုက်ဘဲ ငြိမ်နေလိုက်သည်။ ခဏအကြာမှာပဲ . . . နိုဇာက စာထပ်ပို့လာသည်။

"ကိုသစ် အိပ်မပျော်လောက်သေးပါဘူး။ ဘာဖြစ်လို့ စာပြန်ပို့တာလဲ၊ နိုဇာ့ကို စိတ်ဆိုးနေတာလား၊ ပြောလေ"

သစ်နေ ကျိတ်ပြုံးလိုက်မိသည်။ ဒီလောက်ဆိုလျှင် နိုဇာ့စိတ်ထဲ ဘူလိုကျလို ဖြစ်နေလောက်ပြီ။ သစ်နေက ထပ်စချင်သဖြင့် စာပြန်မပို့ဘဲ ထားလိုက်၏။ နိုဇာ့ဆီမှ message ထပ်ဝင်လာသည်။

"ရတယ်လေ၊ ကိုသစ်ဘက်က မခေါ်ချင် မပြောချင်ရင်လည်း နေဘာပဲ။ ရှင်းပြပြန်တော့လည်း ဂရုမစိုက်ဘူး . . . ဒါပဲ"

နိုဇာ စိတ်ဆိုးသွားလေပြီ။ သစ်နေလည်း message ပြန်ပို့ပြီး ချော့လိုက်ဦးမှပဲဟု စဉ်းစားပြီးမှ မပို့ဖြစ်တော့ဘဲ နိုဇာ့ဖုန်းကို ခေါ်လိုက်ပါသည်။

"ဟင်"

နိုဇာ စိတ်ဆိုးပြီး ဖုန်းပိတ်သွားလေပြီ။ ခုလိုကျပြန်တော့လည်း သစ်နေ ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားရ၏။ မချော့လျှင်တော့ နိုဇာ ပိုစိတ်ဆိုးနေပေရောမည်။

ထို့ကြောင့် ခုတင်ပေါ် လှဲနေရာမှထကာ နိုဇာအခန်းဆီသို့ သွားခဲ့၏။ အခန်းရှေ့ရောက်တော့ တံခါးခေါက်လိုက်ပါသည်။ သို့သော် အခန်းထဲမှ ပြန်တုံ့ပြန်သံမကြားရ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သစ်နေ ခေါ်ကြည့်လိုက်သေးသည်။

"နိုဇာ ... နိုဇာ"

ခေါ်ကြည့်တော့လည်း ထူးမခြားနားပါပဲ။ အခန်းထဲက ဘာသံ မကြားရချေ။ တံခါးကိုသာ တွန်းကြည့်လိုက်တော့ တံခါးက အသာ သွားသည်။ အခန်းအတွင်းသို့ ဝင်မည်ပြုလိုက်ပြီးမှ ချက်ချင်း မဝင်ဖြစ်သေး ရပ်နေမိသည်။ ငယ်ငယ်ကတည်းက ရင်းနှီးနေသော ဒီအခန်းထဲကို ဘာဖြစ်လို့ ခုမှ တွေဝေနေလဲမသိပါ။ သို့သော်လည်း စိတ်တင်းကျပ်နေ လျှော့ကာ ဝင်သွားလိုက်ပါသည်။

ခုတင်ပေါ်တွင် နိုဇာ အိပ်ပျော်နေသည်။ အိပ်ချင်ဟန်ဆောင် သည်ဆိုလျှင် ပိုမှန်လိမ့်မည်။ သစ်နေက ခေါင်းတဆတ်ဆတ်ညိတ် ရင်း ခုတင်စွန်းတွင် အသာဝင်ထိုင်လိုက်၏။ ပြီး ... မျက်စိအတင်းမှိတ် အိပ်ချင်ဟန်ဆောင်နေသည့် နိုဇာ့မျက်နှာဖွေးဖွေးလေးကိုကြည့်ရင်း ...

"ဩော် ... အိပ်ပျော်နေတာပဲ။ အင်း ... အိပ်တာက ကောင်းပါတယ်လေ။ တကယ် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ရင်တော့ ပိုကော တာပေါ့။ တကယ်အိပ်ပျော်ရင် ဆယ့်ငါးမိနစ်လောက်ပဲဖြစ်ဖြစ် အားရှိ တဲ့။ အဲ ... တစ်ခုပဲ အိပ်ချင်ဟန်ဆောင်တဲ့ပုံစံနဲ့ အကြောအချဉ်တွေ အတင်းချုပ်ထားရင်သာ"

စကားဆက်မပြောဘဲ ရပ်ထားလိုက်သေးသည်။ နိုဇာက မျက် တွေကို ပိုပိတ်လိုက်၏။

သစ်နေက ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးနှောက်သွေးယိုတတ်တယ်တဲ့။ ဆေးပညာစာအုပ်ထဲမှာ ရေးထားတာပဲ။ မကြောက်ရင်တော့ လုပ်ပေါ့"

ထိုအချိန်မှာပဲ နိုဇာ၏မျက်စိနှစ်လုံးက ဆတ်ခနဲပွင့်လာပြီး အသံစူးစူးလေးနှင့် ...

"ကိုသစ် ... မဟုတ်တာတွေမပြောနဲ့နော်။ ဘာလို့ ... ဦးနှောက်သွေးယိုမှာလဲ"

သစ်နေက အံ့သြဟန်လုပ်လိုက်ရင်း ...

"ဟင် ... နိုဇာက အိပ်ပျော်နေတာ မဟုတ်ဘူးလား။ မသိပါဘူး"

နိုဇာက ထထိုင်လိုက်ရင်း မျက်စောင်းထိုးလာသည်။

"ကိုသစ်နော် ... နိုဇာ message ပို့တုန်းကတော့ အရေးမလုပ်ဘဲနဲ့"

သစ်နေက ကြောင်တောင်တောင်ဟန်လုပ်၍ ...

"ဘယ်လို message ပို့တယ် ဟုတ်လား။ ဘာတွေပို့လိုက်တာလဲ။ ဖုန်းက ဖေဖေ ခဏယူသွားလို့"

"ဟင်"

နိုဇာ မျက်လုံးပြူးသွားသည်။

"ကိုသစ် ... ကိုသစ် တကယ်ပြောနေတာလား။ ဒုက္ခပါပဲ အန်ကယ်တော့ တစ်မျိုးထင်တော့မယ်"

ထိုအခါမှ သစ်နေက တဟားဟားရယ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ကောင်မလေးတစ်ယောက် တစ်ကယ်ထ
သွားတယ်ဟေ့ ... ဟား ဟား"

နှိဇာ မျက်နှာလေးရဲသွားကာ အနီးမှ ခေါင်းအုံးကိုဆွဲယူပြီး သစ်နေ
ကို ထုတော့သည်။

သစ်နေလည်း ရှောင်ရင်းတိမ်းရင်းက ...

"နင်ပို့တဲ့ message ကိုပဲ ဖတ်ပြီးပါပြီဟာ။ ငါ့စိတ်ထဲမှာလည်း
ဘာမှမရှိတော့ပါဘူး။ ရုတ်တရက်ဆိုတော့ စိတ်ပူသွားလို့ပါ"

နှိဇာက မျက်စောင်းထိုးလာပြီး ...

"အဲလိုသာ စိတ်ပူကြေးဆိုရင် နှိဇာလည်း ပူတာပေါ့။ ကြည်ဖြူ
ရည်းစားတွေအများကြီးထားခဲ့တာနော်။ ကိုသစ်နဲ့ သူ့ကိုလည်း သဘော
မတူပါဘူး။ ကြည်ဖြူက ကိုသစ်ကို ကစားသွားရင် ဘယ်လိုလုပ်မလဲ"

သစ်နေက မျက်ခုံးပင့်လိုက်ပြီး ...

"ငါက ငနုံမှမဟုတ်တာ နှိဇာရာ။ ငါ့ကို ရွှေချင်တိုင်းရွှေလို့ မရ
ဘူး၊ ဒါနဲ့ မနက်ဖြန်ကျရင် မေဂျာပေါင်းစုံပျော်ပွဲစားကို ပန်းခြံထဲမှာ လုပ်
ရှိတယ်နော်။ နင်လိုက်မှာလား"

"ကိုသစ်ကော"

"သွားမှာပေါ့ဟ"

"အင်း ... ကိုသစ်သွားရင် နှိဇာလည်း လိုက်မှာပေါ့"

ထိုအချိန်မှာပဲ အခန်းဝဆီမှ ...

"သစ်နေ ... သားက နှိဇာ့အခန်းထဲ ဘာဝင်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ၏အသံကြောင့် သစ်နေရော နီဇာပါ လန့်သွားကြသည်။ သစ်နေက ပျက်သွားသောမျက်နှာကိုပြင်ရင်း ...

"ဘာမှမလုပ်ပါဘူး၊ ကျောင်းမှာ ပျော်ပွဲစားထွက်ဖို့ရှိတာကို လာပြောတာပါ။ ဒါနဲ့ ဘာကိစ္စရှိလို့လဲ ဖေဖေ"

ဖေဖေက မသိမသာလေး မျက်မှောင်ကြုတ်လိုက်ပြီးမှ ...

"ဖေဖေ့ဖုန်း ဘီလ်ကုန်သွားလို့ကွာ။ ဖုန်းဆက်စရာလည်း ရှိသေးတော့ သားဖုန်း ခဏလာယူတာ"

"ဪ ... ယူလေ ဖေဖေ"

ပြောရင်း သစ်နေက သွားရန်ဟန်ပြင်လိုက်သည်။ နီဇာက စိတ်ပူ...ဖြင့် တီးတိုးလှမ်းပြောလိုက်သေး၏။

"ကိုသစ် ... message တွေ ဖျက်လိုက်ဦးနော်"

သစ်နေက ခပ်တည်တည်ပဲ ပုံမှန်အသံနှင့် ...

"အေးပါ ... နင်လည်း မနက်ဖြန်လိုက်မယ်ဆိုရင် စောစော...တော့၊ ငါသွားပြီ"

ပြောရင်း ထွက်လာခဲ့လိုက်သည်။ နီဇာမှာသလိုပင် ဖုန်းကိုမပေးခင် message တွေကို အရင်ဖျက်လိုက်သေးသည်။ ပြီးမှ ဖေဖေ့ကို ပေးလိုက်... ...

"ရော့ ဖေဖေ ... ဒီည ပြန်လာမပေးနဲ့တော့၊ သား မနက်ကျမှ ...ယူတော့မယ်"

"အိုကေ ... သား"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းယူကာ လှည့်ထွက်သွားသည့် ဖေဖေ့မျက်နှာပေါ်တွင် တစ်ခုံ တစ်ခုကို စဉ်းစားနေသည့်အရိပ်တွေ ကပ်သွားသည်ကိုတော့ သစ်နေလည်း မသိနိုင်တော့ပါ။ ဘာတွေစဉ်းစားသွားသည်ဆိုတာတော့ ဦးနေမောင် ကိုယ်တိုင်ပဲ သိပါလိမ့်မည်။

ထိုသို့ဖြင့်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပျော်ပွဲစားမည့် ပန်းခြံထဲရောက်ကတည်းက မိုးတွေအုံ့နေခြင်း ခဲ့သည်။ နွေအကုန် မိုးဦးကာလသို့ ဝင်လာပြီဖြစ်သဖြင့် မိုးက ရုတ်တရက် ရွာချနိုင်သည်ပဲ။

ဒီနေ့တော့ သူငယ်ချင်းတွေက အိမ်အထိ ကားနှင့် လမ်းကြိုဝင် ခေါ်သဖြင့် သစ်နေ ကားယူမလာခဲ့ချေ။ ပန်းခြံထဲမှ ပြန်လျှင်လည်း လိုက်ပို့ ည်ဟု ဆိုသည်ကို။

ပန်းခြံထဲ သူတို့ကားရောက်တော့ တခြားသူငယ်ချင်းတွေလည်း နေကြပြီ။ ရောက်နေသော သူငယ်ချင်းတွေကြားထဲတွင် ကြည်ဖြူကိုပါ တွေ့လိုက်ရသဖြင့် နီဇာ နှာခေါင်းရှုံ့မိသွားသည်။ သစ်နေကို အဓိပ္ပာယ်ပါပါ မ်းကြည့်လိုက်တော့ သစ်နေက ပခုံးအသာတွန့်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပွဲစားကို ဦးဆောင်သော ကျောင်းသားတစ်ယောက်က ညှိ ဆိုင်းနေသည့် ကောင်းကင်ကို မော့ကြည့်ရင်း ...

"မိုးတောင်ရွာမလား မသိဘူးဟ။ ငါတို့ စောစောပိုင်းလိုက်ရင် ကောင်းမယ်"

"ကောင်းသားပဲ စလိုက်ကြတာပေါ့"

သို့နှင့် ဝယ်ခြမ်းလာကြသော ပစ္စည်းတွေချကာ ဝိုင်းဖွဲ့ထိုင်လိုက် ကြသည်။ မစားခင် ဝိုင်တွေသောက်ပြီး game ဆော့လိုက်ကြသေး၏။ ထုံးစံအတိုင်း ပါဆယ်ကိမ်းဆော့သဖြင့် ပျော်ကြရသေးသည်။ Game ဆော့ပြီး ချိန်မှာတော့ အသင့်ဝယ်ယူလာသည့် ကြာဆံကြော်တွေ စားလိုက်ကြ၏။ စားသောက်အပြီး စကားပြောနေကြချိန်တွင် ကြည်ဖြူက ထိုင်နေရာမှ ထ ထွက်သွားသဖြင့် သူငယ်ချင်းတစ်ယောက်က သစ်နေကို လှမ်းပြောလာ သည်။

"ဟော့ကောင် သစ်နေ ... မင်း ကြည်ဖြူနောက်လိုက်သွားလေ ဒါ အခွင့်အရေးနော်"

ထိုသို့ သတ်မှတ်ရင်လည်း မှန်လောက်သည်။ ဘာဖြစ်လို့လဲဆို တော့ ကြည်ဖြူကလည်း မသွားခင် သစ်နေကို မသိမသာကြည့်သွား သည်ကိုး။

သစ်နေလည်း လိုက်သွားရင်ကောင်းမလားဟု စဉ်းစားရင်း ဘာ ရယ်မဟုတ် နီဇာ့ကိုကြည့်လိုက်မိ၏။ ဘယ်အချိန်ကပဲ လှမ်းကြည့်နေမှန်း မသိသော နီဇာက သစ်နေနှင့် အကြည့်ချင်းဆုံတော့ မျက်နှာလွဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်နေက . . .

"မလိုက်တော့ပါဘူးကွာ၊ သူလည်း သူ့အကြောင်းနဲ့သူ တစ်ယောက်တည်းနေချင်လို့ ဖြစ်မှာပေါ့"

"မသွားရင်လည်း ဂစ်တာတီး သီချင်းဆိုကွာ . . . ရော့"

ဘာမှလည်း မဆိုင်ချေ။ သို့သော်လည်း ဂစ်တာက လက်ထဲရောက်လာပြန်တော့ တတ်သည့်ပညာ မနေသာဆိုသလို ဂစ်တာတီးရင်း သီချင်းဆိုလိုက်သည်။ သီချင်းက လတ်တလောနားထောင်ဖြစ်နေသည့် အဆိုတော် ထူးအိမ်သင်၏ 'အချစ်ဆိုသည်မှာ' ဆိုသော သီချင်း။

♬ အချစ်ဆိုသည်မှာ ××× အံ့ဩမှုများနဲ့ ဆန်းကြယ်သောအရာ ××× အချစ်ဆိုသည်မှာ ××× လူသားတိုင်းရဲ့ နှလုံးသားက အရှင်သခင် ××× အချစ်ဆိုသည်မှာ ♬

သီချင်းအပေါ်မှာ စီးမျောခံစားပြီးဆိုနေရင်း မျက်နှာပေါ် မိုးရေစက်တွေ ကျလာတော့မှပဲ ဂစ်တာတီးနေခြင်းကို ရပ်လိုက်မိ၏။ ရုတ်တရက် ရွာချလိုက်သဖြင့် သူတို့အုပ်စုလည်း ဝရုန်းသုန်းကား ဖြစ်သွားကြသည်။

"ပစ္စည်းတွေ သိမ်းကြဟေ့၊ ရေစိုမခံတာတွေ အရင်သိမ်းကြ"

ပစ္စည်းတွေသိမ်းကြရင်း နီးစပ်ရာကားပေါ်သို့ ပြေးတက်သူက တက်ကြသည်။ မိုးကလည်း တဖွဲဖွဲကျနေရာမှ ပို၍သည်းလာပြီ။

"ကိုသစ် . . . လာလေ နိုဇာတို့ ဟိုကားနဲ့ပဲ လိုက်သွားရအောင်"

ထွက်ရန်အသင့်စက်နှိုးထားသည့် ကားတစ်စီးကိုညွှန်ပြရင်း နိုဇာက ပြောလာသည်။ ပထမ သူတို့ကိုလာကြိုသည့်ကားကို လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပစ္စည်းတွေတင်နေတုန်းဖြစ်သဖြင့် ...

"အေး ... သွားတာပေါ့"

နှစ်ယောက်သား အရင်ထွက်သည့်ကားနှင့်ပဲ လိုက်ခဲ့ကြ၏။ သို့သော်လည်း ဖြစ်ချင်တော့ သူတို့နှစ်ယောက် လိုက်လာသည့်ကားက လိုက်ပို့ရန်လူများသဖြင့် သစ်နေတို့လည်း အိမ်နှင့်နီးသည့် လမ်းခွဲတစ်ခုမှာပဲ ဆင်းလိုက်ကြသည်။ နီဇာ၏သူငယ်ချင်းကောင်မလေး တစ်ယောက်က ထီးတစ်ချောင်းပေးလိုက်၍ တော်ပါသေး၏။

သို့နှင့် သစ်နေတို့လည်း အိမ်ကိုရောက်ရန် မိုင်ဝက်နီးပါးလောက် လိုသည့်ခရီးကို လမ်းလျှောက်လာခဲ့လိုက်၏။ ပိုသည်းလာသည့်မိုးကို ထီးတစ်ချောင်းကလည်း လုံးအောင်အကာအကွယ်မပေးနိုင်ချေ။ ထီးသာ ဆောင်းထားရသည်။ နှစ်ယောက်စလုံးမှာတော့ ရွှဲရွှဲစိုနေလေပြီ။

ထိုအချိန်မှာပဲ ...

လေကြမ်းတစ်ချက် တိုက်ခတ်လိုက်သဖြင့် နီဇာ့လက်ထဲမှ ထီးက လွင့်ထွက်သွားသည်။

"ဟာ"

"ဒုက္ခပါပဲ"

လေက ပိုတိုက်လာပြီး ကောင်းကင်တွင် လျှပ်စီးများလက်ကာ မိုးခြိမ်းသံများပင် ထွက်လာကြ၏။ နှစ်ယောက်သား လျှောက်လာကြရင်း မိုးရေစက်တွေကြားမှ အိမ်ကိုပင် လှမ်းမြင်နေရလေပြီ။

ထိုစဉ်မှာပဲ ကောင်းကင်တစ်ခုလုံး ဖွေးဖွေးဖြူသွားအောင် လျှပ်စီး



www.burmeseclassic.com

www.burmeseclassic.com



အစ်ချက်က လက်သွားသဖြင့် ...

"ကိုသစ် ... ကိုသစ် ... နိုဇာ ကြောက်လာပြီ"

နိုဇာ့အပြောကြောင့် သစ်နေလည်း လမ်းဘေးဝဲယာသို့ ကြည့်လိုက်မိသည်။

တော်တော်ကြီးမားသည့် အပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသဖြင့် အာမှမစဉ်းစားနိုင်တော့ဘဲ ...

"လာလာ ... အပင်အောက်နား မိုးခဏခိုရအောင်"

နှစ်ယောက်သား အပင်အောက်ရောက်တော့မှ အနည်းငယ် လုံခြုံသွားသလို ခံစားလိုက်ရ၏။ ဒါတောင် မိုးရေစက်တွေက လွင့်စဉ်ကာ အာမှန်နေတုန်း။ မိုးခြိမ်းသံတွေကလည်း တစ်ချက်တစ်ချက် ထွက်ပေါ်နေတုန်း။

ပခုံးစွန်းချင်း ထိနေရင်းက နိုဇာ့ပခုံးလေး တဆတ်ဆတ်တုန်နေသဖြင့် ...

"နိုဇာ ချမ်းနေတာလား"

နိုဇာက အသံတုန်တုန်လေးနှင့် ...

"အင်း ... ချမ်းတာရော၊ ကြောက်တာရောပဲ"

သစ်နေက ဘေးချင်းယှဉ်ထိုင်နေရင်း နိုဇာ့ပခုံးလေးကို သိုင်းဖက်လိုက်သည်။ ခန္ဓာကိုယ်လေး တစ်ချက်တွန့်သွားသော်လည်း နိုဇာက အာမှမပြော။

"ငါလည်း ချမ်းနေပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သစ်နေက ပိုချ် တင်းတင်းလေးဖက်ထားလိုက်သည်။ ဖက်လိုက်သောအရှိန်ကြောင့် နှိဇာ့ခန္ဓာကိုယ်လေးက ဟန်ချက်ပျက်ကာ သစ်နေ့ရင်ခွင်ထဲ ရောက်သွား၏။

"အာ ... ကိုသစ်"

ရေရွတ်ရင်း နှိဇာက မော့ကြည့်လာသည်။ အရည်လဲ့နေသည့် မျက်ဝန်း၊ တဆတ်ဆတ်တုန်ယင်နေသည့်နှုတ်ခမ်း။ မိုးရေစက်တွေ၊ မိုးငြိမ်းသံတွေကြားမှာ။

"နှိဇာ"

"အို ... ကိုသစ်"

ပတ်ဝန်းကျင်အနေအထားနှင့် အထိအတွေ့တွေက သစ်နေကို စည်းကျော်စေလိုက်ပြီ။ ဘာမှမတွေးနိုင်တော့ဘဲ နှိဇာ့နှုတ်ခမ်းဆီသို့ ...။

စက္ကန့်ပိုင်းလောက် အခိုက်အတန့်ဟာ အမှားတစ်ခုကို ပြင်ဆင်နိုင် ရှိပါသလား။

မှားပြီဆိုသောအသိ နှစ်ယောက်စလုံးဝင်လာချိန်မှာတော့ နှိဇာက သစ်နေ၏ရင်ဘတ်ကို တွန်းဖယ်က မတ်တတ်ရပ်လိုက်လေပြီ။

သစ်နေက ထိတ်လန့်တကား မော့ကြည့်ရင်း ...

"နှိဇာ ... ငါ ငါ"

တုန်လှုပ်နေသောမျက်နှာလေးဖြင့် နှိဇာကြည့်နေရင်းက ဆတ်ခနဲ လှည့်ပြေးသွားလေ၏။

"နှိဇာ ... နှိဇာ"



www.burmeseclassic.com

www.burmeseclassic.com



သတိလွတ်ကာ ခြေလှမ်းဆယ်လှမ်းလောက် ပြေးလိုက်သွားမိပြီးမှ သစ်နေ ရပ်ကျန်ခဲ့လိုက်သည်။ ပြီး .... ယူကျုံးမရစိတ်တွေနှင့် ရှက်ရွံ့နာကျင်စွာ အော်လိုက်မိလေ၏။

"အား!"

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

အိပ်ရာမှ နိုးနိုးချင်း စတင်ဝင်လာသည့် အတွေးထဲတွင် ရှက်... အားနာစိတ်တို့က ရောပြွန်းနေသည်။ မှားပြီ ... မှားပြီဟု ထပ်ကာတလဲလဲ ရေရွတ်ရင်း နိဇာကို တောင်းပန်ဖို့ လိုပြီဆိုတာ သိလိုက်ရ၏။

ခွင့်လွှတ်သည်၊ မခွင့်လွှတ်သည်ကို ထားဦး။ ကိုယ့်အမှားအတွက် တော့ တောင်းပန်ရမည်သာ ဖြစ်သည်။

ထိုအသိတွေနှင့် အိပ်ရာမှ လူးလဲထကာ နိဇာ့အခန်းဆီ ... သွားလိုက်မိ၏။

"ဟင်"

ထူးထူးခြားခြားပင် အခန်းအပြင်ဘက်မှ ခတ်ထားသည့် ... ခလောက်ကြောင့် သစ်နေ အံ့သြရင်း ထူပူသွားရ၏။ ... ထပ်...



www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းသွားလိုက်တော့ ကြီးမေက မျက်နှာမသာမယာနှင့် ဆီးပြော လာသည်။

"သားတို့ ဘာဖြစ်ကြလဲတော့မသိဘူး။ သမီးနိုဇာတော့ ဒီနေ့ပဲ ရန်ကုန်သွားမယ်ပြောတယ်။ သူ့အခန်းသော့တော့ သူယူသွားမယ်တဲ့"

"ဟာ"

အကြီးအကျယ် မျက်နှာပျက်သွားရင်း သစ်နေ ဘာလုပ်ရမည်မှန်း မသိ ဖြစ်သွားရ၏။ ဖုန်းသွားယူကာ ဆက်ကြည့်လိုက်တော့လည်း နိုဇာ၏ ဖုန်းက စက်ပိတ်ထားသည်ဟုပဲ ပြောနေသည်။ ပိတ်ထားသောဖုန်းကို ထပ်ကာထပ်ကာ ခေါ်ကြည့်ရင်း အဲလိုလုပ်လို့မရဘူးလေဟူ၍ စိတ်ထဲက အထပ်ထပ်ရေရွတ်နေမိ၏။

စိတ်ကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး စုစည်းကာ နာရီကြည့် လိုက်မိ၏။ ရန်ကုန်သို့ထွက်မည့် အဝေးပြေးကားကိုတော့ မှီလောက်မည် ထင်သည်။

ထို့ကြောင့် အိပ်ရာမှ ထလာသောပုံစံနှင့်ပင် ကားပေါ်တက်ကာ မောင်းထွက်ခဲ့လိုက်၏။ ပါးစပ်ကလည်း မသွားနဲ့နိုဇာဟု အရူးတစ်ယောက် လို ရေရွတ်ရင်း။

သစ်နေ အဝေးပြေးကားဝင်းထဲ ရောက်ချိန်မှာတော့ ရန်ကုန်သို့ သွားမည့်ကားတွေက တစ်စီးပြီးတစ်စီး ထွက်ခွာနေကြပြီ။ ကားပေါ်မှ ဆင်း လိုက်ရင်း ဘယ်ကားနောက်လိုက်ရမှန်းမသိ ဖြစ်နေရ၏။

ကြံရာမရသည့်အဆုံး ဖုန်းထုတ်ကာ ထပ်ခေါ်ကြည့်လိုက်၏။ ဖုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားဆဲ။ ဖုန်းကို လက်ထဲကကိုင်ထားရင်း တွေဝေနေချိန်မှာပဲ ဖုန်းထဲသို့ message ဝင်သည့်အသံနှင့်အတူ တုန်ခါမှုကိုခံစားလိုက်ရ၏။ Message ကို အမြန်ဖွင့်ကြည့်လိုက်တော့ . . .

"အိမ်မှာဆက်နေနေရင် နှစ်ယောက်စလုံး မလွန်ဆန်နိုင်တဲ့အမှား တွေဖြစ်လာမှာစိုးလို့ နီဇာ ထွက်သွားပါပြီ။ ကိုသစ်အနေနဲ့ နီဇာ့ကို ဘယ်လိုပုံစံနဲ့ပဲချစ်ချစ် နီဇာ့နောက်ကို လုံးဝလိုက်မလာပါနဲ့။ နီဇာပဲဖြစ်ဖြစ် ကိုသစ်ပဲဖြစ်ဖြစ် တစ်ယောက်ယောက် လက်ထပ်ပြီးတဲ့အချိန်ကျရင်တော့ နီဇာတို့တွေ မောင်နှမလို ပြန်ဆုံလို့ရမှာပါ။ နှုတ်ဆက်ခဲ့ပါတယ် ကိုသစ်"

Message စာသားတွေကိုပဲ အံကြိတ်ရင်း အကြိမ်ကြိမ် ဖတ်နေမိသည်။ ရင်ဘတ်ထဲထည့်ပျိုးထားခဲ့သော သံယောဇဉ်တွေအားလုံး အမြစ်က နုတ်ယူခံလိုက်ရသလို ဟာင်းလင်းဖြစ်သွားသော ခံစားမှုကြောင့် ရပ်နေသည့် နေရာမှာပဲ ဒူးထောက်ထိုင်ချမိလိုက်လေသည်။

အဝေးပြေးကားပေါ်မှ မျက်ရည်စက်တွေသည်လည်း မခြောက် သွေ့သေးပါ။

■



www.burmeseclassic.com

www.burmeseclassic.com

# 5 Years Later

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ငါးနှစ်။

ငါးနှစ်ဆိုသောအချိန်ကာလတစ်ခုက လူတစ်ယောက်ကို ဘယ်လောက်များ ပြောင်းလဲပေးနိုင်မလဲ။ လူတစ်ယောက်ရဲ့သတိရလွမ်းဆွတ်မှု အသားမာတွေကို ဘယ်လောက်များ တိုက်စားပေးနိုင်မှာလဲ။ စိန်စိမ်း အလွမ်းတွေကတော့ လူမိုက်တစ်ယောက်ရဲ့ရင်ဗဟိုဟာင်းလင်းမှာ တော်ထင် စားရင်း ပေါက်နေခဲ့ပြီ။

ခွက်ထဲမှ လက်ကျန်အရက်ကို မော့ချလိုက်ရင်း နောက်တစ်ခွက် ဆက်သောက်သင့် မသောက်သင့် သစ်နေ စဉ်းစားလိုက်သည်။ အင် . . . မူးသွားလို့ မေ့သွားရင်လည်း ခဏပေါ့။ အမူးပြေရင် သတိရလာဦးမှာပဲ ထို့ကြောင့် သောက်လက်စအရက်ပုလင်းကို ကောင်တာမှာ ပြန်အပ်လိုက်၏



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ဆိုသော အချိန်ကာလအတွင်း သစ်နေ မကြာခဏဆိုသလို သူ့ကိုကို အဖော်ပြုတတ်ခဲ့ပြီ။ သတိရနာကျင်မှုတွေများ လျော့ပါးသွားစေရေးဆိုသည့် ရည်ရွယ်ချက်နဲ့ပါ။ သို့သော်လည်း ထင်ထားသလို လွမ်းဆွတ်မှုတွေက တိမ်မသွားခဲ့။

ခုလည်း ဆိုင်ထဲမှကားရှိရာသို့အလာတွင် ငါးနှစ်လုံးလုံး ခေါ်တိုင်းပိတ်ခဲ့သော ဖုန်းကို ထပ်ကာခေါ်မိပြန်သည်။ ထုံးစံအတိုင်း သတ်မှတ်ချိန်အတွင်း ဖြေကြားနိုင်ခြင်းမရှိပါ၍ဆိုမှ ဖုန်းကို ချပစ်လိုက်၏။ တောင်းပန်စကားတွေကို ဒီတစ်သက် ပြောခွင့်ကောရဦးပါ့မလား။

သက်ပြင်းချရင်း ကားထဲ ဝင်ထိုင်လိုက်၏။ ထို အချိန်မှာပဲ သူ့ထံဆက်သွယ်နေကျဖြစ်သည့် ဖုန်းတစ်ခုက ဝင်လာပြန်သည်။

"ကြည်ဖြူ ပြော"

တစ်ဖက်မှ ကြည်ဖြူအသံက ကြည်ကြည်ချွဲချွဲလေး ထွက်လာသည်။

"မောင် ကြည်ဖြူ့အခန်းကို လာခဲ့ဦးလေ။ မောင့်ကို ပြောစရာလေး ရှိလို့"

သစ်နေက မတူသောသက်ပြင်းကို ထပ်ချလိုက်ရင်း . . .

"ကိုယ် အရက်သောက်ထားတယ် ကြည်ဖြူ"

စကားအဆုံးမှာ ကြည်ဖြူက အသံလွင်လွင်လေးနှင့်ရယ်သည်။

"မောင်ရယ် . . . မောင်က မကြာခဏ အရက်သောက်တာပဲဟာ။ ဘာဖြစ်လဲ . . . လာမှာသာလာခဲ့ပါ။ ကြည်ဖြူ စောင့်နေမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောလေ"

အိမ်ပြန်မည်ဟု စဉ်းစားထားပြီးမှ ကြည်ဖြူ့အခန်းရှိရာသို့ ဦးတည် လိုက်ရသည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း ကြည်ဖြူနှင့် ရည်းစား ဖြစ်ခဲ့ခြင်းသည် သစ်နေဘက်က အတင်းအားစိုက်၍ မဟုတ်ခဲ့ပါ။ နှစ်သိမ့်မှု တွေနှင့်အတူ သာယာမှု၊ ချော့မြူမှုတို့နောက်သို့ အလိုက်သင့် စီးမျောသွား ခြင်းပဲဖြစ်သည်။ ကြည်ဖြူ့အပေါ်ကိုလည်း လက်ထပ်သင့်သော မိန်းမတစ် ယောက်ဟု ခံယူထားသည့်တိုင် ထိုထက်မပိုနိုင်ခဲ့။ ဒါတွေကိုလည်း ကြည်ဖြူ သိပါသည်။ နားလည်ပေးနိုင်သည်ဆိုမှတော့ သစ်နေအဖို့ ရုန်းထွက်ရ ခက်သည့် အသိုက်တစ်ခု ဖြစ်ခဲ့သည်။

ခုလည်း ကြည်ဖြူအခန်းရောက်တော့ . . .

"မောင် သောက်ဦးမလား၊ ရေခဲသေတ္တာထဲမှာ မောင့်လက်ကျန် ပုလင်း ရှိတယ်"

"တော်ပါပြီ ကြည်ဖြူရယ် . . . ကိုယ်မသောက်ချင်တော့ဘူး"

ပြောရင်း စီးကရက်တစ်လိပ်ထုတ်၍ မီးညှိကာ ဝရန်တာဆီ ထွက်ခဲ့လိုက်သည်။ ခဏကြာတော့ ကြည်ဖြူက နောက်ဘက်မှနေ၍ သိုင်းဖက်လာပြီး . . .

"အတင်းကြီး ဖိအားပေးတာတော့ မဟုတ်ဘူးနော် မောင်၊ ကြည်ဖြူတို့လက်ထပ်သင့်ပြီလို့ မထင်ဘူးလား"

ဝရန်တာလက်ရမ်းပေါ်တွင် စီးကရက်ကို ထိုးခြေလိုက်ရင်း . . .

"ကြည်ဖြူ့ဆန္ဒကို ကိုယ်နားလည်ပါတယ်။ ဒါပေမဲ့လေ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တွေက အဆင်သင့်မဖြစ်သေးတော့ ကြည်ဖြူနဲ့လက်ထပ်ပြီးမှ သစ္စာမဲ့နေသလို ဖြစ်မှာစိုးလို့”

ကြည်ဖြူက သက်ပြင်းဖွဖွချသည်။

“မောင် ပြောပြထားလို့ ကြည်ဖြူအားလုံး နားလည်တယ်လေကွာ။ အဓိက,က လက်ထပ်ပြီးတဲ့အချိန်ကျရင် အိမ်ထောင်ရှင်ဆိုတဲ့စည်းနဲ့ မောင် ဦး မေ့ပျောက်လို့ရမှာပေါ့”

သစ်နေက ခေါင်းညိတ်သည်။

“ဟုတ်ပါတယ် ကြည်ဖြူ။ ဒါပေမဲ့ ... ကိုယ်က သူ့ကို အရင် လက်ထပ်စေချင်တာ”

ငါ အရင်လက်ထပ်ရင် နီဇာ့အပေါ် သစ္စာဖောက်သလိုဖြစ်နေမယ် ဆိုသည့် စကားကို မပြောလိုက်တော့။ ကြည်ဖြူကတော့ သူ့အတွေးနှင့်သူ ခပ်ဖွဖွရယ်လျက်။

“မောင်ရာ ... တကယ်လို့ နီဇာက ဘယ်သူနဲ့မှမယူဘဲ အပျိုကြီး လုပ်မယ်ဆိုရင် ကြည်ဖြူတို့က မပေါင်းရတော့ဘူးပေါ့၊ အဲလိုလား”

“အဲဒီသဘောလည်း မဟုတ်ပါဘူး”

ပြောနေရင်း ကြည်ဖြူ့မျက်နှာလေးက ခပ်တည်တည်ဖြစ်လာပြီး

“ကြည်ဖြူက မိန်းကလေးပါ မောင်။ ကြည်ဖြူနဲ့မောင်ကြားက တရားက တခြားမိန်းကလေးတစ်ယောက်အပေါ်မှာ မှီတွယ်နေတဲ့ တာမျိုး လက်မခံချင်ဘူး။ အမှန်အတိုင်းပြောရရင် နီဇာ့အပေါ် ကြည်ဖြူ



www.burmeseclassic.com

www.burmeseclassic.com


မနာလို ဖြစ်မိတယ်။ မုန်းတဲ့အဆင့်တော့ မဟုတ်သေးဘူး။ ဒါပေမဲ့ မောင့် တွေဝေမှုတွေကြောင့် တဖြည်းဖြည်းနဲ့ ကြည်ဖြူ သူ့ကို မုန်းလာမိလိမ့်မယ် မောင် စဉ်းစားပါ။ ဒါမှမဟုတ်ရင်လည်း ကြည်ဖြူ့ကို"

စကားမဆုံးခင်မှာပဲ သစ်နေက ကြည်ဖြူ့နှုတ်ခမ်းကို လက်နဲ့ လှမ်းပိတ်လိုက်ရင်း . . .

"အဲလောက်အထိ ပြောဖို့မလိုပါဘူးကွာ။ ကိုယ်သိပါတယ် ကြည်ဖြူ့ကိုလည်း တန်ဖိုးထားပါတယ်"

"မောင်ကသာပြောနေ"

ကြည်ဖြူကိုချော့ဖို့ လိုလာပြီမှန်း သစ်နေ သိလိုက်ပါသည်။ ဒါ့ ကြောင့် . . .

"ကဲပါ . . . ကိုယ့်ကို အချိန်နည်းနည်းပဲပေးတော့။ ဒီတစ်လ အတွင်းမှာ ကြည်ဖြူကို ကိုယ်ကတိတစ်ခုပေးမယ်။ ဟုတ်ပြီလား"

"တကယ်နော်"

ကြည်ဖြူမျက်နှာလေးက ပြုံးယောင်သန်းလာသည်။

"တကယ်ပေါ့ကွ"

"ကတိကောပေးလား"

သစ်နေက တစ်ချက်စဉ်းစားဟန် လုပ်လိုက်ရင်း . . .

"ကတိလည်း ပေးတယ်ကွာ"

စကားအဆုံးမှာ ကြည်ဖြူက သစ်နေ၏ပါးကို ရွှတ်ခနဲနမ်းလိုက် ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ မောင်၊ ဒါနဲ့ မောင် ဒီမှာပဲ ထမင်းစားသွားနော်၊ ကြည်ဖြူ ပြင်ပေးမယ်"

"အဲ"

"ဘာဖြစ်လို့လဲ မောင်၊ အချိန်မရလို့လား။ ညဘက်ကြီး ဘယ်သွားစရာရှိသေးလို့လဲ"

သစ်နေက ...

"သွားစရာရှိလို့ မဟုတ်ပါဘူး။ ထမင်းစားနေရင် အချိန်နောက်ကျသွားမယ်လေ။ အရမ်းမှောင်နေရင် ကိုယ် အိမ်မပြန်ရဲဘူး ကြည်ဖြူရဲ့ အဲဒါ"

စကားမဆုံးခင်မှာပဲ ကြည်ဖြူက မျက်စောင်းထိုးရင်း သစ်နေ၏ပါးကို ဆွဲလိမ်လိုက်ကာ ...

"ဒီမှာပဲအိပ်မယ်ဆိုတဲ့စကားပြောရင် မောင့်ကို ဘယ်သူက ကန့်ကွက်မှာမို့လို့လဲ၊ မောင်ကလေ တကယ်ပဲ"

ပြောရင်း ကြည်ဖြူက သိုင်းဖက်လာသည်။ အလိုက်သင့် ပြန်ဖက်ထားရင်း နူးညံ့မှုတွေထဲမှာ သစ်နေ ပျော်ဝင်သွားမိပြန်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အပြင်ကပြန်လာပြီး အဝတ်အစားပင်မလဲဖြစ်သေး။ ဝရန်တာတွင် ရပ်ကာ တဖွဲဖွဲရွာနေသည့် မိုးရေစက်တွေကို နီဇာ ငေးကြည့်နေမိသည်။ ခုလို မိုးဦးကာလရောက်လာလျှင် အဟောင်းတွေက အသစ်ပြန်ဖြစ်ကာ သတိရနာကျင်ရဆဲ။ အဲလို ဒီကာလလေးမှမဟုတ်ပါဘူး။ နေ့စဉ်နဲ့အမျှဆို သလို သတိရခြင်းတွေကို သိမ်းထုပ်နေရတာ။ အဲဒီဘဝကြီးက လွတ်မြောက် ချင်လှပြီ။

မကိုင်ဖြစ်ခဲ့တဲ့ ဖုန်းခေါ်ဆိုမှုတွေ။ မြို့ကလေးမှာကျန်ခဲ့တဲ့ လွမ်းစရာ လွမ်းရာတွေ။ အသက်ရှူသံတွေအားလုံး,အားလုံး။ ဘာတစ်ခုမှမဖြစ်ခဲ့လျှင် ကောင်းမည်။ ခုတော့ ကျိန်စာသင့်နေရသည့် အိပ်မက်ဆိုးကိုပဲ ဖိုးဆိုင် နေရသူလို။ ဘယ်လိုများ အဆုံးသတ်ရမှာလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ကြိမ်မှန်းမသိသော သက်ပြင်းကိုချရင်းက ကျိန်စာသင့်ကာလတွေကို အဆုံးသတ်ရန် အချိန်ရောက်ပြီဆိုတာလည်း နီဇာ သိလိုက်ရပါသည်။

လွန်ခဲ့သော ငါးနှစ်က ...

ရန်ကုန်သို့ မြို့ကလေးမှရောက်ရောက်ချင်း သူမ၏နေရေးထိုင်ရေးမှအစ နောက်ဆုံး အလုပ်အကိုင်အတွက်ပါ ကူညီခဲ့သူက နေသစ်၏အဖေ ဦးနေမောင်ဖြစ်သည်။ အမှန်အတိုင်းပြောရလျှင် နီဇာ့ဘက်ကပဲ နားလည်အောင် ရှင်းပြကာ အကူအညီတောင်းခဲ့ခြင်းဖြစ်၏။ ထိုကိစ္စတွေကို သစ်နေသိစေခဲ့သလို နီဇာ့ဘက်ကလည်း သစ်နေကို မဆက်သွယ်တော့ပါဟု ကတိပေးခဲ့ပါသည်။

ရန်ကုန်တွင် အခြေကျပြီး ရုပ်ပိုင်းဆိုင်ရာ တည်ငြိမ်လာချိန်ရောက်မှ နီဇာအလုပ်လုပ်သောကုမ္ပဏီမှ ရှယ်ယာဝင်တစ်ယောက်ဖြစ်သူ ကိုသက်နောင်နှင့် ဆုံခဲ့ခြင်းဖြစ်၏။ လူချင်းရင်းနှီးပြီး တစ်နှစ်လောက်ကြာမှ ကိုသက်နောင်က လက်ထပ်ခွင့်တောင်းခဲ့ခြင်းလည်း ဖြစ်သည်။ ကိုးကွယ်ရာဘာသာခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ပေမယ့် ကိုသက်နောင်ကတော့ ဘဝငြိမ်းအေးချမ်းရေးအတွက် လက်ထပ်ရန် သင့်တော်သည့်လူဆိုတာ နီဇာသိပါသည်။ သို့သော်လည်း အတိတ်ကို မေ့မရခြင်းတွေက နီဇာ့စိတ်ကို ဝေစေကာ ကိုသက်နောင်၏ကမ်းလှမ်းမှုကို အဖြေပြန်မပေးနိုင်ခဲ့။

သို့သော် ...

ဒီနေ့တော့ ကိုသက်နောင်နှင့်လက်ထပ်ရန် နီဇာ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူခဲ့ပြီ။ ဒိုင်ယာရီအဟောင်းကိုပိတ်ကာ စာမျက်နှာသစ်ရေး
အချိန်ရောက်ပြီပဲ။

ထို့ကြောင့် ခေါ်ဆိုလာတိုင်း ငါးနှစ်အတွင်း ဘယ်တုန်းက
မကိုင်ဖြစ်ခဲ့သည့် ဖုန်းနံပါတ်တစ်ခုဆီသို့ နှိုဇာ message တစ်စော
ပို့လိုက်ပါသည်။ နောက်ဆုံးသော နာကျင်မှုတွေနှင့်ပေါ့။

"ကိုသစ် ... နှိုဇာ လက်ထပ်တော့မယ်၊ ကိုသစ်လည်း ပျော်ရွှ
ပါစေ"

ထို message ကို ဖတ်မိမိချင်း သစ်နေ ပျော်ရွှင်မည်မဟုတ်ဆို
နှိုဇာ သိပါသည်။ သို့သော်လည်း သစ်နေ ဘယ်လိုခံစားသွားရမည်
နှိုဇာ မသိချင်တော့။

Deal or Not Deal?

သူတို့နှစ်ယောက်၏ကစားပွဲသည်လည်း ပြီးဆုံးသွားပြီ ထင်
သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သတို့သားနှင့်သတို့သမီးနှစ်ယောက်စလုံးအတွက် ဆုတောင်းစကား ပြောပြီးချိန်တွင် ဖာသာက လက်ထပ်ပွဲသို့လာသည့် ပရိသတ်ဘက်လှည့်ကာ ထုံးစံအရ မေးခွန်းစကား ဆိုလိုက်သည်။

"ဤမင်္ဂလာပွဲကို ကန့်ကွက်မယ့်သူရှိပါသလား"

အားလုံး ငြိမ်ဆိတ်ကာ ဖြေသံမကြားရ။ အားလုံးက သဘောတူပြီး ကန့်ကွက်စရာမရှိဆိုသည့်သဘော။ ဖာသာ ထပ်မေးသည်။

"ကန့်ကွက်မယ့်သူ ရှိပါသလား"

ဒီတစ်ကြိမ်မှာလည်း ပထမတစ်ကြိမ်အတိုင်းပင် တစ်စုံတစ်ရာ ဝင်ရောက်ကန့်ကွက်သူမရှိ။ တတိယနှင့် နောက်ဆုံးအကြိမ်အဖြစ် ဖာသာက မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကန့်ကွက်မယ့်သူ ရှိပါသလား"

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ အားလုံးငြိမ်ဆိတ်၊ အသက်ရှူသံတွေမှအစ တိတ်ဆိတ်နေသောဘုရားကျောင်းခန်းမထဲတွင် အသံတစ်ခုက လွှင့်ပျံလာသည်။

"ဒီမင်္ဂလာပွဲကို ကျွန်တော် ကန့်ကွက်ပါတယ်"

"ဟာ"

"ဟင်"

"အို"

ခန်းမတစ်ခုလုံးရှိ ဧည့်သည်တွေ၏မျက်လုံးတွေက အသံလာရာဆီသို့ အံ့ဩတကြီး ကြည့်လိုက်မိကြသည်။

သတို့သမီး နိုဇာ့ကိုပဲ တည့်တည့်စိုက်ကြည့်ကာ လျှောက်လာရင်း သစ်နေက ထပ်ပြောလိုက်သည်။

"ဒီမင်္ဂလာပွဲကို ကျွန်တော် ကန့်ကွက်ပါတယ်"

ထပ်ကာ ပြောလိုက်သော သစ်နေ၏အသံက ကွဲအက်ခြောက်သွေ့နေသည်။ မျက်လုံးတွေလည်း နီရဲနေသည်။

သတို့သား ကိုသက်နောင်က သစ်နေကိုလှမ်းကြည့်နေရင်းက နိုဇာ့ကို ပြန်ကြည့်လိုက်သည်။

အံ့ဩလွန်းသောကြောင့် ဖွေးဆွတ်သွားသော မျက်နှာပေးနှင့် နိုဇာ ကြက်သေသေနေမိသည်။

"နိုဇာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်နောင်၏အသံက နိုဇာ့ကို သတိဝင်သွားစေ၏။ နိုဇာလည်း မျက်နှာထားလေး တင်းမာသွားကာ ရပ်နေသောနေရာမှ သစ်နေဆီသို့ လျှောက်သွားလိုက်ပြီး . . .

"ကိုသစ် . . . ဒါ ဘာလုပ်တာလဲ၊ နိုဇာ့ကို အရှက်ခွဲတာလား"

သစ်နေက မေးခွန်းကို ပြန်မဖြေဘဲ ပြန်မေးလိုက်သည်။

"နိုဇာ . . . နင် ဘယ်လိုခံစားချက်မျိုးနဲ့ လူတစ်ယောက်နဲ့ လက်ထပ်ဖို့ သဘောတူလိုက်တာလဲ။ စည်းတွေ၊ ကန့်သတ်ချက်တွေ ရှိပေမယ့် ချစ်ခြင်းတရားတစ်ခုကို အမှိုက်လို လွှင့်ပစ်တော့မလို့လား။ ငါ့မျက်လုံးကို တည့်တည့်ကြည့်ပြီး ဖြေစမ်းပါ"

နိုဇာ ဆတ်ခနဲ တုန်လှုပ်သွားသည်၊ သစ်နေကို တစ်ချက်ပဲ အကြည့် ချင်းဆိုင်ရဲပြီး ခေါင်းငုံ့ချသွား၏။ ပရိသတ်တွေဆီမှ တီးတိုးဝေဖန်သံတွေ ထွက်လာပြီး သတို့သားကို သက်နောင်လည်း အကြီးအကျယ် မျက်နှာပျက်နေပြီ။

သစ်နေက နာကျင်ဟန်ဖြင့် ရယ်လိုက်ပြီးမှ . . .

"နင် မဖြေနိုင်တော့ဘူးမလား နိုဇာ။ ဒီနေ့ဟာ နင်နဲ့ငါနဲ့ကြားက အကြီးအကျယ်ဆုံး Deal or Not Deal ပဲ"

"ကိုသစ်"

"နင် မဖြေနိုင်ရင် လိုက်ခဲ့"

ပြောပြီးသည်နှင့် နိုဇာ၏လက်ကို ဆတ်ခနဲ တင်းတင်းဆွဲရင်း ဘုရားကျောင်းထဲမှ သစ်နေ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းခဲ့ရသော မင်္ဂလာပွဲကို တစ်ချက်ကလေးတောင် လှည့်မကြည့်ဖြစ်ခဲ့သည့် နီဗာလည်း အမှားတစ်ခုကို ထပ်ကျူးလွန်မိပြီ ထင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကိုသစ် ... ဘာတွေလျှောက်လုပ်နေတာလဲ။ ကိုယ့်ဟာကိုယ် ဘာတွေလုပ်မိနေတယ်ဆိုတာကိုရော သတိထားမိရဲ့လား"

ငိုရှိုက်ရင်း ဗလုံးဗထွေးပြောလာသည့်စကားအဆုံးမှာ သစ်နေ အံကြိတ်လိုက်မိသည်။ နှစ်ယောက်သား အဝေးပြေးကားလမ်းမတစ်နေရာ၏ လမ်းဘေးတွင် ကားရပ်ကာပြောနေကြခြင်းဖြစ်၏။ နီဇာ အငိုမရပ်သေးသလို သစ်နေကလည်း အံကြိတ်ရင်း နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားဆဲ။

"ကိုသစ် ... နီဇာ ပြောတာကြားရဲ့လား။ ခုတော့ အားလုံး ပျက်စီးကုန်ပြီ။ အဲဒါ ကိုသစ်ကြောင့်"

သစ်နေက နီဇာ့ပခုံးနှစ်ဖက်ကို စုံကိုင်ရင်း မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိဇာ ... ဘာတွေများလဲ၊ ဘာတွေမှန်လည်းဆိုတာ ငါ... တော့ဘူး။ ဒါပေမဲ့ ဒီမင်္ဂလာပွဲအတွက် နင် စိတ်ရောကိုယ်ပါ ကျေနပ်... လား၊ ပျော်ရွှင်ရဲ့လား"

နိဇာက ခေါင်းခါလိုက်ရင်း ...

"အဲဒါတွေပြောနေဖို့လိုတဲ့အချိန် မဟုတ်တော့ဘူးလေ ကိုသစ်... နိဇာ့ဘဝအတွက် နိဇာ ရွေးချယ်ထားပြီးပြီပဲ။ ကိုသစ်ကသာ ..."

ပခုံးကို ကိုင်လှုပ်လိုက်ရင်း သစ်နေက ထပ်မေးလိုက်သည်။

"ပြောလေ ... ငါက ဘာဖြစ်နေလို့လဲ။ ပြောလေ နိဇာ၊ ... အဖွဲ့အစည်းက ပုံသေချမှတ်ထားတဲ့ စည်းတစ်ခုကို ကျော်လို့ မသင့်ဘူး... တာ ငါသိတယ်။ ဒါပေမဲ့ ... အဲဒီစည်းကိုပဲ ထမင်းရည်ပူစည်းလို နင်... ငါတို့မျိုသိပ်နေရတာကတော့ ဘာကံတရားလဲ"

နိဇာက မျက်ရည်တွေသုတ်ရင်း သစ်နေ၏လက်နှစ်ဖက်ကို ဖယ်... လိုက်သည်။

"ကိုသစ် ... နိဇာတို့က ကျိန်စာသင့်သလို ဖြစ်နေတာလေ... များမှန်းသိလျက်နဲ့ ဘာဖြစ်လို့ ဆက်ပြီးမိုက်မဲရမှာလဲ။ ကိုသစ် နာကျင်... သလို နိဇာလည်း နာကျင်ရတာပဲ။ သေရင်တောင် ပျောက်မှာမဟုတ်ဘူး... အဲဒီဒဏ်ရာတွေက"

"ဟာကွာ"

သစ်နေက ကားစတီယာရင်ကို လက်နှင့် တဒုန်းဒုန်းထုလိုက်သည်။ နိဇာက ...

www.burmeseclassic.com

www.burmeseclassic.com



"ခုလိုလုပ်တာက ပိုမှားရုံပဲရှိမယ် ကိုသစ်။ ကိုသစ်နဲ့နီဇာ နှစ်ယောက်မှာ တစ်ယောက်ယောက် လက်ထပ်ရင်လက်ထပ်၊ ဒါမှမဟုတ် တစ်ယောက်ယောက် သေမှအေးမှာ"

ထိုစကားကြောင့် သစ်နေက နာကျင်ဟန်ဖြင့် ဟက်ခနဲ လုပ်လိုက်ရင်း . . .

"လက်ထပ်တဲ့တစ်ယောက်ကတော့ နင်ဖြစ်စရာမလိုဘူး နီဇာ။ ဖြစ်မယ်ဖြစ် သေမယ့်တစ်ယောက်က ငါပဲဖြစ်မှာ"

"ကိုသစ်"

စိုးရိမ်သံလေးနှင့် နီဇာ ပြောလိုက်သည်။ သစ်နေက . . .

"သိပ်လည်း စိတ်မပူပါနဲ့ နီဇာ။ ငါ နင့်ရဲ့မင်္ဂလာပွဲကို ဖျက်ပြီးပြီ။ ဒီတော့ ငါ့အများအတွက် နင့်ကိုငါ ဘာပြန်လုပ်ပေးရမလဲ ပြော"

စကားအဆုံးမှာတော့ နီဇာက စိတ်ကို အတတ်နိုင်ဆုံး စုစည်းလိုက်ဟန်ဖြင့် . . .

"နီဇာ ပြောမယ်နော်၊ ကိုသစ်ဖြစ်စေချင်သလို နီဇာ ဘယ်သူနဲ့မှ လက်မထပ်တော့ဘူး။ ဒါပေမဲ့ ကိုသစ် ကြည်ဖြူနဲ့လက်ထပ်ရလိမ့်မယ်"

"ဘာ . . . နင်က ငါနဲ့ကြည်ဖြူတို့အကြောင်းကို"

နီဇာက နွမ်းနွမ်းလေးပြုံးကာ . . .

"လွန်ခဲ့တဲ့ငါးနှစ်အတွင်း ကိုသစ် နီဇာ့အကြောင်းတွေ စုံစမ်းနေသလို နီဇာလည်း ကိုသစ် ဘာတွေလုပ်နေတယ်ဆိုတာ သိသင့်သလောက် သိပါတယ်။ ကြည်ဖြူက ကိုသစ်ကို တစ်ကယ်ချစ်တာပါ။ သူ့ကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ ကိုသစ်။ အဲဒါဆို နီဇာနဲ့ ကိုသစ်လည်း စိတ်တွေပေါ့ပါးသွားကြလိမ့်မယ်"

"နီဇာရာ"

ညည်းပြောလေးပြောလိုက်တော့ နီဇာက သက်ပြင်းချရင်း ဆက်ပြောလာသည်။

"ဒီဘဝမှာတော့ ဒီလောက်ပဲ ကျိန်စာသင့်ပါရစေတော့ ကိုသစ်ရယ်။ နီဇာလည်း ပင်ပန်းလှပြီ"

"နီဇာ"

ခပ်တိုးတိုးခေါ်လိုက်တော့ နီဇာက ဖျော့တော့တော့မျက်ဝန်းတွေနှင့် ပြန်ကြည့်လာသည်။

သစ်နေက ...

"ငါ နင့်ကို ခဏလေးပဲဖြစ်ဖြစ် ဖက်ထားချင်တယ်"

ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက်က ပေါက်ခနဲလိမ့်စီးကျလာရင်း နီဇာ သစ်နေ၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ သစ်နေလည်း နီဇာ့ကိုယ်လုံးလေးကို ခပ်တင်းတင်းဖက်ထားလိုက်ပါ၏။

ထပ်မရနိုင်တဲ့ အနာဂတ်အတွက် အခိုက်အတန့်လေးပဲဖြစ်ဖြစ် ချိုမြိန်စွာ မှိုက်မဲလိုက်ကြရုံပေါ့ ကောင်မလေးရယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကြည်ဖြူ့ဆန္ဒအရ မြို့ကလေး၏ဈေးအကြီးဆုံးခန်းမတွင် မင်္ဂလာပွဲ ..င်းပဖြစ်သည်။ ပြည့်ဝသွားသည့်ဆန္ဒကြောင့် ကြည်ဖြူ အပျော်ကြီး ..ပျော်နေပေမယ့် သစ်နေစိတ်တွေက လေးလံနေဆဲ။ မင်္ဂလာဆောင်သည့် ..နေ့တွင် ထိုသို့မဖြစ်သင့်မှန်း သစ်နေ သိသည်။ သို့သော် စိတ်ထဲက အလိုလို ..ဖြစ်နေတာကို တားလို့မှမရဘဲ။

"မောင် ပြုံးပြုံးလေးနေလေ"

ဧည့်သည်တွေကိုလျှောက်ဧည့်ခံနေရင်း ကြည်ဖြူက တီးတိုး ..သတိပေးလာသည်။ သစ်နေ အားနာသွားရပြီး ...

"ဆောရီး နို့ဇာ၊ ကိုယ်သိပ်နေလို့မကောင်းလို့ပါ"

အကောင်းဆုံး ဆင်ခြေဟု သတ်မှတ်ကာ မုသားသုံးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ခုလိုအချိန်မျိုးမှာ နိုဇာ့ကို ပြင်းပြင်းထန်ထန် သတိရနေမိခြင်း ကြောင့် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံဘဲ ရှက်ရွံ့နာကျင်နေမိသည်။ စိတ်ထဲ နောက်ကျိနေပါလျက်က ညည်းသည်တွေကို လိုက်နှုတ်ဆက်နေရတာ အတော် ကြီးပင်ပန်းလှ၏။

ညည်းသည်တွေကို လိုက်နှုတ်ဆက်ရင်း ခန်းမထောင့်ဘက် တစ်နေရာ အရောက်တွင် တစ်စုံတစ်ခုကို ခလုတ်တိုက်မိသဖြင့် ငုံ့ကြည့်လိုက်မိသည်။

"ဟင်"

စိတ်ထဲက အံ့ဩစွာရေရွတ်မိလိုက်၏။ သစ်နေ ခြေထောက်နှင့် ထိခတ်မိသွားသည်က အခြားမဟုတ်။ ရင်းနှီးလွန်းလှသည့် စက္ကူလှေလေး တစ်စင်းကြောင့် ဖြစ်သည်။ သစ်နေ အံ့ဩစွာ မျက်မှောင်ကြုတ်လိုက်မိသည် ကို ကြည်ဖြူ သတိထားဟန်မရှိချေ။ စက္ကူလှေလေးကြောင့် သစ်နေ တစ်ကိုယ်လုံး ဖျဉ်းခနဲ ဖြစ်သွားရသည်။

စိတ်၏စေ့ဆော်မှုကြောင့်ပဲ ပတ်ဝန်းကျင်သို့ အငမ်းမရ ဝေ့ကြည့် လိုက်မိ၏။

"ဟာ"

ရိပ်ခနဲပါပဲ။ သို့သော် ထိုရိပ်ခနဲပုံရိပ်လေးက သစ်နေကို ထမ်း ပတာ ဖြစ်သွားစေသည်။

"နိုဇာ"

သေသေချာချာမြင်လိုက်ရသော်လည်း ရုတ်တရက် အခန်းအပြင် ချိုးမှ ပျောက်သွားသဖြင့် သစ်နေ မျက်စိကိုပွတ်ကာ ထပ်ကြည့်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့။ သို့သော်လည်း စိတ်ထဲမှ ထင်ယောင်ထင်မှားဖြစ်ခြင်း မဟုတ် န်း စက္ကူလေ့လေးက သက်သေပြနေသည်။

စိတ်လှုပ်ရှားလွန်း၍ အနည်းငယ် မူပျက်သွားသောသစ်နေကို ကြည့်ကာ ကြည်ဖြူက ...

"မောင် ဘာဖြစ်နေတာလဲ၊ နေမကောင်းလို့လား"

သစ်နေက ချက်ချင်းပင် အကြံရလိုက်ပြီး ဗိုက်ကိုလက်နှင့် နှိပ်ကာ ...

"အိမ်သာတက်ချင်နေတာ ကြည်ဖြူ၊ ကိုယ် မအောင့်နိုင်တော့ ဘူးထင်တယ်"

ထိုစကားကြောင့် ကြည်ဖြူက ခိခနဲ ရယ်လိုက်ပြီးမှ ...

"ဖြစ်မှဖြစ်ရလေ မောင်ရယ်။ အဲဆိုလည်း အိမ်သာသွားတက် လေ"

စကားအဆုံးမှာပဲ သစ်နေ ထွက်လာခဲ့သည်။ ခန်းမအပြင်ဘက် ရောက်တော့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ ရှာကြည့်သေးသည်။ အပြင် ဘက်မှာလည်း နီဇာကို အရိပ်အယောင်မှ မတွေ့ရ။

ဟိုဒီကြည့်ကာ ရှာရင်း သစ်နေ ကားအနီးသို့ရောက်လာသည်။ အနားမှာများ ရှိမလားပေါ့။

"ဟင်"

ကားရှေ့စက်ဖုံးပေါ်တွင် အသာတင်ထားသည့် စက္ကူရုပ်လေ့လေး ကြောင့် နီဇာ ဒီမြို့လေးကိုရောက်နေတာ သေချာပြီမှန်း သစ်နေ အသိအကျ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရပါသည်။

ဒါဆို နီဇာ ဘယ်ရောက်သွားပြီလဲ။ ဒီမင်္ဂလာပွဲမှာ မရှိတော့လျှင် ဘယ်မှာရှိနေနိုင်လဲ။

အဝေးကြီး စဉ်းစားစရာမလိုပါ။

သစ်နေ ကားပေါ်တက်ပြီး ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့လေသည်။ စက္ကူလှေတို့ ခေါ်ဆောင်ရာလမ်းဆီ။

■



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။

"နီဇာ"

ရေရွတ်ရင်း တံတားဆီသို့ ပြေးသွားလိုက်မိသည်။ ဖိနပ်ကို ကြည့်ရင်းက ရေကန်ထဲဆီ စိတ်လှုပ်ရှားစွာ ကြည့်လိုက်မိပြန်သည်။ ငြိမ်သက်တည်ငြိမ်နေသည့် ရေပြင်က သစ်နေ မေးချင်သည့်မေးခွန်းကို ပြန်မဖြေဘဲ လျှို့ဝှက်နေသလိုမျိုး။

သစ်နေ သိလိုက်ပြီ၊ တံတားအစွန်းမှာ ဒူးထောက်ထိုင်ချလိုက်ရင်း နာကျင်စွာရေရွတ်လိုက်မိ၏။

"နီဇာရယ် ... ဘာဖြစ်လို့များ ခုလိုလုပ်လိုက်ရတာလဲ။ ဒီလိုလုပ်စရာမှမလိုတာ။ တကယ်သေချင်နေတာက ငါပါကွ"

စကားအဆုံးမှာပဲ ...

"သေချာလို့လား ကိုသစ်"

"ဟင် ... နီဇာ"

အသံလာရာနောက် ကျောဘက်ဆီသို့ သစ်နေ လှည့်ကြည့်လိုက်ရင်း အံ့ဩဝမ်းသာစွာ ရေရွတ်လိုက်မိသည်။ စိတ်ထဲမထိန်းနိုင်တော့ဘဲ နီဇာ့ဆီ ပြေးသွားကာ ပွေ့ဖက်ထားလိုက်မိ၏။

"ငါ့စိတ်ထဲ တကယ်ယူကျုံးမရဖြစ်သွားတာ။ ဘာဖြစ်လို့ ခုလိုနောက်တာလဲ နီဇာရယ်။ ငါ သေလိမ့်မယ်"

နီဇာက သစ်နေရင်ခွင်ထဲမှ အသာရုန်းထွက်လိုက်ရင်း ရယ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ် တကယ်မျော့သွားတယ်မလား။ Deal Or Not Deal လေ။ နိုဇာတို့ ကစားနေကြပဲဥစ္စာ"

သစ်နေက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း ...

"ဟုတ်ပါတယ်၊ ငါတို့နှစ်ယောက်က ခုလို ငယ်ငယ်ကတည်းက ကစားလာခဲ့ကြတာပဲ။ ဒါနဲ့ ... နင် ဒီမြို့ကို ဘာလာလုပ်တာလဲ"

ဖြေရခက်မည့် မေးခွန်းကို မေးလိုက်မိမှန်း သစ်နေသိသည်။ သို့သော်လည်း နိုဇာက ပေါ့ပေါ့ပါးပါးပဲ ပြန်ဖြေလာ၏။

"တွေတွေထူးထူးမရှိပါဘူး။ ခုလို ကစားချင်လို့ပါ။ ပြီးတော့ အကန့်ထဲမှာ စက္ကူလေ့လေးတွေ လွှတ်ချင်တာလည်းပါတယ်။ ဟိုမှာလေ"

"ဟင်"

ဟုတ်ပါသည်။ နိုဇာ လှမ်းပြသည့်နေရာကို ကြည့်လိုက်တော့ အလုံးအရွယ်အစားလောက်ရှိမည့် ကတ်ထူစက္ကူပုံးနှင့် ထည့်ထားသော စက္ကူလေ့အတော်များများကို တွေ့လိုက်ရလေသည်။

သစ်နေက ...

"စက္ကူလေ့တွေက များလှချည်လား"

နိုဇာက ပြုံးလျက် ...

"အင်း ... နိုဇာ ဆုတစ်ခါတောင်းချင်တိုင်း တစ်ရုပ်စီ ခေါက်ထားတာလေ။ တော်တော်များနေပြီ"

ရင်ထဲ လှိုက်ခနဲ ဆို့ကျင်သွားမိသည်။ တောင်းချင်၊ ပြည့်စေချင်တဲ့ ဆုတွေ များလှချည်လား နိုဇာရယ်။ စက္ကူလေ့လေးတွေ မခေါက်တတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဆုတွေ ပြည့်ချင်မိခဲ့ပါရဲ့။

သစ်နေက အသံမတုန်အောင် ထိန်းရင်း ပြောလိုက်သည်။

"အဲဆိုလည်း စက္ကူလှေလေးတွေလွှတ်ပြီး ငါတို့ ခု ဆုတောင်း အောင်လေ"

သစ်နေအပြောကို လက်ခံဟန်ဖြင့် နီဇာ ကတ္တူစက္ကူပုံးလေး သွားယူသည်။ တံတားလေးအစွန်းကနေ ကြိုးချည်ထားသည့် လှေထဲ သစ်နေ ဆင်းလိုက်တော့ . . .

"ဟင် . . . ကိုသစ်က လှေပေါ်ဘာသွားလုပ်တာလဲ"

သစ်နေက . . .

"ရေလယ်မှာ သွားလွှတ်ရအောင်လေ။ အဲမှာဆို ပိုကြည့်ကောင်း မယ်ထင်လို့"

"အင်း . . . ကိုသစ်ပြောတာမှန်တယ်"

စက္ကူပုံးလေးကိုတော့ နီဇာ လှေပေါ်သို့ တက်လာသည်။ သစ်နေ ချည်ထားသော ကြိုးကိုဖြုတ်ကာ လှေကို လှော်ခတ်လိုက်၏။

ရေကန်အလယ်ကိုရောက်တော့ သူတို့နှစ်ယောက်၏သီးခြား ဘဝလေးရလိုက်သလို သစ်နေ ခံစားလာရသည်။ ထိုခံစားချက်လေး နီဇာကို ကြည့်လိုက်တော့ နီဇာက စက္ကူလှေလေးတွေကို ရေထဲသို့လွှင့် ရင်း . . .

"ခုတော့လည်း ကမ္ဘာပေါ်မှာ နီဇာတို့နှစ်ယောက်တည်း ရှိသ ပဲနော်။ တားထားတဲ့စည်းတွေ၊ ပြောမယ့် လက်ညှိုးတို့ ကွဲရဲကြမ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မရှိတဲ့ ဒီအချိန်လေးက အေးချမ်းလိုက်တာ''

သစ်နေက ခေါင်းညိတ်လိုက်ရင်း စက္ကူလှေလေးတစ်စင်းကို လှမ်းယူကာ ရေထဲသို့ အသာလွှတ်လိုက်သည်။ လှေအနီးပတ်ပတ်လည်မှာတော့ စက္ကူလှေလေးတွေ ရွေ့ကာ မျောကာ။

"ခုလို အေးချမ်းတယ်ဆိုတဲ့ အခိုက်အတန့်လေး နောက်ထပ်ရဖို့တော့ မရှိတော့ဘူးထင်တယ် နိုဇာ။ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းမှာ ပုံသေတားမြစ်ထားတဲ့စည်းတွေ ရှိနေတယ်။ ငါတို့နှစ်ယောက်အနေနဲ့ အဲဒီစည်းတွေကိုလည်း မကျော်ရဲကြဘူး။ မိသားစုရဲ့ဂုဏ်သိက္ခာကို ငဲ့ရတယ်။ ပတ်ဝန်းကျင်ရဲ့မျက်လုံးတွေကို ဂရုစိုက်ရတယ်။ ဒါပေမဲ့ . . . ငါတို့ရဲ့ ခံစားချက်တွေကလည်း မဖြစ်နိုင်မှန်းသိတဲ့ အဲဒီစည်းကို စိတ်ထဲကနေ ခဏခဏ ကျော်မိကြတယ်''

"လူ့ပတ်ဝန်းကျင်ကကြည့်ရင် အမှားလို့ ယူဆရတဲ့ အမှန်တရားတွေပေါ့''

"Deal or Not Deal ပဲ နိုဇာ။ မပျော်နိုင်တဲ့၊ မငြိမ်းချမ်းနိုင်တဲ့ ဘဝမှာ ငါ မကစားချင်တော့ဘူး။ ခုနေ ငါ့ကို ကစားမလား နားမလားလို့ မေးရင် . . . ငါတော့ နားချင်ပြီ နိုဇာ''

"နိုဇာလည်း ဘာလို့ဆက်ကစားနေဦးမှာလဲ ကိုသစ်ရယ်''

နှစ်ယောက်သား အတော်ကြီးကြာအောင် နက်နက်ရှိုင်းရှိုင်း ကြည့်နေမိကြသည်။ ကိုယ်စီရင်ထဲမှာ ပြောစရာမလိုဘဲ နားလည်လိုက်ကြသလို။ မေတ္တာတရားကနေ အစွန်းထွက်လာတဲ့ ချစ်ခြင်းတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အလုံခြုံဆုံး သိမ်းဆည်းရန် နေရာတစ်ခုရသွားသလို။

ဘာမှမလိုတော့။ နောက်ဆုံးကျန်နေသည့် စက္ကူလေ့လေးနှစ်စင်းကိုယူကာ တစ်ယောက်တစ်စင်းဆီ လွှတ်၍ ဆုတောင်းလိုက်ကြသည်။

နောင်ဘဝတွက် ဆုတောင်းတွေပေါ့။ ထို့နောက်မှာတော့ တစ်ယောက်၏မျက်နှာ ပျောက်ကွယ်သွားတော့မလို တစ်ယောက်က စိုက်ကြည့်နေမိကြရင်း . . . ။

သစ်နေက လက်တစ်ဖက်ကို နီဖာ့ဆီ ကမ်းလိုက်သည်။ နှစ်ယောက်သား လက်ချင်းမြဲမြဲဆုပ်ကိုင်မိချိန်မှာတော့ သစ်နေ၏တခြားလက်တစ်ဖက်က လှေ၏ဘောင်အစွန်းတစ်ဖက်ကို ဆတ်ခနဲ ဖိချလိုက် လေသည်။

"ဝုန်း"

"နီဖာ"

"ကိုသစ်"

အရာအားလုံး တိတ်ဆိတ်ငြိမ်သက်။

စက္ကူလေ့လေးတွေက ရေကန်ကြီးထဲတွင် ရွှေ့ကာ မျောကာချစ်ခြင်းတရားတစ်ခုကို မြှုပ်နှံသိမ်းဆည်းလိုက်ရသည့် ရေကန်ကြီးကတော့စက္ကူလေ့လေးတွေနှင့်အတူ ငိုကြွေးနေပေရော့မည်။

ရေစက်ဆိုတာက တစ်ဘဝမှာ ဘယ်နှခါများ ဆုံနိုင်ဦးမှာလဲကွယ်

■



www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်စက္ကန့်လေးတစ်ချက်မှာပဲ

အမှန်အမှားဘဝတွေ ရေစက်ကုန်သွားကြရဲ့

နေရာမှား မွေးဖွားလာသူတွေအတွက်တော့

အရင်ဘဝကတည်းက နေဝင်ချိန်ဟာ စောခဲ့တယ်။

လေးစားစွာ

မိုးစက်ဖိုင်

11:33 pm

20.4.2016

www.burmeseclassic.com